မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၉ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရန်ရည်ရွယ်

ကုန်းပိုင်းလုပ်ကွက် EP 5 ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသော Istech Energy EP 5 Pte.Ltd. နှင့် မြန်မာတိုင်းရင်းသားပိုင် Smart Technical Services Limited တို့သည် ကုန်းပိုင်းလုပ်ကွက် EP 5 ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူးနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ Istech Energy EP 5 Pte. Ltd. ၏ Managing Director၊ Smart Technical Services Limited ၏ Managing Director နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက အဖွင့်အမှာ စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် Istech Energy EP 5 Pte.Ltd. ၏ Managing Director Mr. Inder Singh တို့က နှုတ်ခွန်းဆက် စကားပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအောင်ထူး၊ Istech Energy EP 5 Pte.Ltd. ၏ Managing Director Mr. Inder Singh နှင့် Smart Technical Services Limited ၏ Managing Director ဒေါ်ရတနာစုလှိုင်တို့က လည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ Istech Energy EP 5 Pte.Ltd. ၏ Director Mr. Howardi Somai နှင့် Smart Technical Services Limited မှ General Manager ဒေါ်မာရီထူးတို့က လည်းကောင်း လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ် ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်ကို Istech Energy EP 5 Pte.Ltd.၏ Managing Director Mr. Inder Singh ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းခွင့်ပြုမိန့်ကိုလည်းကောင်း ပေးအပ်ကြရာ Istech Energy EP 5 Pte.Ltd. ၏ Managing Director က လက်ခံခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်

နေပြည်တော် ဇွန် ၉

၂၀၁၂ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့ ဇွန် ၉ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ အဆိုပါအောင်စာရင်း များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်းကပ်ထားကြောင်း သိရှိရသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် လည်း ရန်ကုန်တိုင်းဒေသကြီးမှအပ အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထား ပေးကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ရှာရာပိုဗာနှင့် အာရာနီတို့ ယှဉ်ပြိုင်မည် ၈-၁၀

အဆိုတော် ၈-၁၀ ကယ်ရီအန်ဒါဝုဒ် စီအမ်တီဂီတဆု နှစ်ဆုဆွတ်ခူး

ကမ္ဘာ့ဘော်လီဘော လက်ရွေးစင်ပြိုင်ပွဲ ၈-၁၀ တရုတ်၊ အီရန်၊ တောင်ကိုရီးယားတို့ နိုင်ပွဲရ

လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်စာရင်းများကို

နေပြည်တော် မြန်မာ့အသံမှ အသံလွှင့်ကြေညာပေးမည်

နေပြည်တော် ဇွန် ၉

၂၀၁၂ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း များအနက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများ၏ အောင်စာရင်းကို နေပြည်တော် မြန်မာ့အသံမှ အသံလွှင့်ကြေညာပေးမည်ဖြစ်ရာ ကချင်ပြည်နယ်ရှိ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ကာမိုင်း၊ ဆွမ်ပရာဘွမ်၊ ချီဖွေနှင့် ရှင်ဗွေယန် စာစစ်ဌာနများ၊ ကရင်ပြည်နယ်ရှိ ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်းစာစစ်ဌာနများ၊ ချင်းပြည်နယ်ရှိ ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ လိုင်လင်းပီ၊ မင်းတပ်နှင့် ပလက်ဝ စာစစ်ဌာနများ၊ ရခိုင် ပြည်နယ်ရှိ ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့် မာန်အောင် စာစစ်ဌာနများ၊ ရှမ်းပြည်နယ်ရှိ မိုးမိတ်၊ နမ့်ဆန် (မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ ငါးအိုး၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင် စာစစ်ဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုလော၊ ပလောက်၊ ပလနှင့် ဘုတ်ပြင်း စာစစ်ဌာနများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပေါက်၊ ရေပြာ၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ စာစစ်ဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နန်းယွန်း၊ လေရှီးနှင့် လဟယ် စာစစ်ဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုကိုးကျွန်းစာစစ်ဌာနများမှ အောင်မြင်ကြသူများ အတွက် အောင်စာရင်းများကို ဇွန်လ ၉ ရက် (စနေနေ့) နံနက် ၈ နာရီမှစ၍ နေပြည်တော် မြန်မာ့အသံ ရေဒီယို (လှိုင်းတို-၅၀ ဒသမ ၇၁ မီတာ၊ ၅၉၁၅ ကီလိုဟတ်ဇ်၊ လှိုင်းတို-၅၀ ဒသမ ၁၂ မီတာ၊ ၅၉၈၅ ကီလိုဟတ်ဇ်) (လှိုင်းလတ်-၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလိုဟတ်ဇ်)တို့မှ ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇွန် ၉ ရက်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မိုးကာလသို့ဝင်ရောက်လာချေပြီ။ အချို့ဒေသများတွင် မိုးနည်းနေသေးသော်လည်း အချို့ဒေသများတွင်မူ မိုးများနေလေပြီ။ မိုးကျလျှင် အပင်များရှင်သန်ပေတော့မည်။ မိုးကိုအမှီပြုပြီး ဒေသအချို့တွင် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပလျက်ရှိပေပြီ။ ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလဟု အများကသတ်မှတ်ထားကြသော်လည်း မိုးကိုအမှီပြု၍ ဇွန်လကပင်စတင်၍ သစ်ပင်စိုက်ပျိုးလျက်ရှိကြလေပြီ။ သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းသည် သစ်တောများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပေသည်။

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ယနေ့အချိန်အထိ နိုင်ငံဧရိယာ၏ ၄၇ ရာခိုင်နှုန်းသည် သစ်တောသစ်ပင်များဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ဤသို့ သစ်တောသစ်ပင်များ ရေရှည်တည်တံ့နေခြင်းအကြောင်းမှာ နှစ်စဉ် သစ်ပင်များ စိုက်ပျိုးလာခဲ့ခြင်းနှင့် စနစ်ကျသော သစ်တောစီမံအုပ်ချုပ်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် စနစ်ကျသော သစ်တောစီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ၁၈၅၆ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြုလျက်ရှိသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ သယံဇာတလည်းဖြစ်ပေသည်။ ယနေ့အချိန်အထိ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရရှိနေခြင်းသည် ရှေးယခင်က သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကောင်းများကို အသုံးချခဲ့ခြင်းကြောင့်ပင်ဖြစ်၏။

သစ်တောများသည် ပြည်သူတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိ၏။ ထို့ကြောင့်ပင် သစ်တောများ ထာဝစဉ်တည်တံ့စေရန်နှင့် သားစဉ်မြေးဆက်အထိ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း(၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)ကို ၁၉၉၈ ခုနှစ်မှ စတင်ရေးဆွဲခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နှစ် ၃၀ စီမံကိန်း ရည်မှန်းချက်၏ ၁၀ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုပျိုးထောင်ရေးသည် အဓိကအချက်တစ်ချက်အဖြစ် ပါဝင်သည်။ ထို့ကြောင့်ပင် သစ်ပင်များကို နှစ်စဉ်စိုက်ပျိုးရပေမည်။ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းလျက်ရှိနေခြင်းကို ရွှေတိုက်ကို ပိုင်စိုးခြင်းဟုဆိုကြသည်။

သို့ပါသောကြောင့် ယခုနှစ် သစ်ပင်စိုက်ပျိုးရေးလရာသီတွင် လူတိုင်းပါဝင် ဆင်နွှဲသင့်ပေသည်။ ကျွန်းတစ်အုပ်တမစိုက်ခင်းများစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးခြင်း စသည်ဖြင့် ဌာနဆိုင်ရာများအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း၊ တစ်ဦး တစ်ဖွဲ့ချင်းအလိုက်သော်လည်းကောင်း သစ်ပင်များစိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးကဝန်ထမ်းများ မိုးပွင့်အဆင့်(၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းလုပ်ငန်းများကို ပုသိမ်ညွန့်ရပ်ကွက်ဓမ္မာရုံ၌ ဇွန် ၄ ရက်နှင့် ၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အရှေ့ပိုင်းခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွှန့်တို့က ကြီးကြပ်ဆောင်ရွက်ကာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် စိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)(မြို့နယ် လဝက)**

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရန်ကုန် ဇွန် ၈

ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထက ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တာဝန်ခံကျောင်းအုပ်ကြီးက ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် လိုအပ်ချက်များနှင့် ကျောင်းအပ်နှံနိုင်ရေးပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအတွက် အလှူရှင်များက ကျောင်းဝတ်စုံ ၁၈၀၊ ဗလာစာအုပ် ဒါဇင် ၂၀၀ နှင့် လှူဒါန်းငွေကျပ် စုစုပေါင်း ၃၃၉၂၈၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

ကိုကိုးကျွန်းမြို့နယ်သည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများ အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပမည့် ၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အာဆီယံစစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဇွန် ၁၉ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အာဆီယံစစ်တုရင် (ASEAN Chess)ကစားနည်းသည် မြန်မာ့ရိုးရာစစ်တုရင်၊ ထိုင်းရိုးရာစစ်တုရင်နှင့် ကမ္ဘောဒီးယားရိုးရာစစ်တုရင်ကစားနည်းများကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဒုတိယအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဤပြိုင်ပွဲမှ အာဆီယံစစ်တုရင် ကစားနည်းအတွက် ပဏာမလက်ရွေးစင်များ ရွေးချယ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

ပေါက်မြို့နယ်၌ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ပေါက် ဇွန် ၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၁ နာရီက ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်အစည်းအဝေးခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးစံထွေးမောင်က နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကို ရှင်းလင်းတင်ပြကာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၈

ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် မြေနီကုန်း (တောင်) ရပ်ကွက် ဗိုလ်မိုးလမ်းနှင့်ဈေးလမ်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်းနှင့်ကျန်းမာရေးအသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို ဇွန် ၇ ရက်က ပြုလုပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၇၀၀ ကျော်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၀၇)

ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

ပြည် ဇွန် ၈

၂၀၁၂ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၆ ရက်နှင့် ၂၇ ရက် နံနက် ၉ နာရီက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်း၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအံ့မော်၊ ပြည်ခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးသောင်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါပြိုင်ပွဲသို့ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တွံတေးမြို့နယ်၌ တံတားသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျွဲလမ်းကျေးရွာ ကျွဲလမ်းချောင်းကူးတံတားဖွင့်ပွဲကို ဇွန် ၄ ရက်က အဆိုပါတံတား၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေဝင်းနှင့် တံတားအလှူရှင် ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါချောင်းကူးတံတားမှာ အရှည်ပေ ၃၀၀၊ အကျယ်ရှစ်ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၂၅ ပေ၊ အကျယ် ၂၈ ပေရှိ အာရ်စီကွန်ကရစ် ဘိုးတိုင်အမျိုးအစားဖြစ်ပြီး ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၂၈ သိန်း၊ အလှူရှင် ဦးကြည်ဝင်း-ဒေါ်သင်းသင်းလှိုင် မိသားစုက လှူဒါန်းငွေကျပ် သိန်း ၃၃၀ စုစုပေါင်း ငွေကျပ် ၃၅၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ၌ ဆုရသူများအား ဆုချီးမြှင့်

ဗန်းမော် ဇွန် ၈

ဗန်းမော်မြို့ မြို့နယ်သမဝါယမ ဦးစီးဌာနမှကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲနှင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို မေ ၂၄ ရက် နံနက် ၈ နာရီက ဗန်းမော်မြို့ အထက(၂) မြညီလာခန်းမ၌ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်အုန်းမြင့်က သမဝါယမလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး ပြိုင်ပွဲကျင်းပရာတွင် တာဝန်ယူဆောင်ရွက်ပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် သ/မ)**

မြဝတီရုပ်မြင်သံကြား

၉-၆-၂၀၁၂

(စနေနေ့)

နံနက်ပိုင်း	
၇း၀၅	တရားတော်
၇း၂၀	ဓမ္မပူဇာတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
နေ့လယ်ပိုင်း	
၁၂း၀၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ရင်ခုန်သံနှစ်ပိုင်းတစ်ပိုင်း** ဇင်ဝိုင်း၊ လွင်မိုး၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ညီမင်းလွင်)
ညပိုင်း	
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင် ဘရုစ်လီ** (အပိုင်း-၄၃)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
-	အမျိုးသားရေးတေးကဗျာ
-	နိုင်ငံတကာသတင်း
-	မိုးလေဝသသတင်း
-	လူ့ရှင်တော်စကား
-	အင်္ဂလိပ်စာသုတ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ရန်ကုန်အခြေစိုက် MITSUI & Co.,Ltd. မှ Managing Officer, Mr. Tanaka နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ ပျက်စီးပြုန်းတီးနေသည့်နယ်မြေများ၌ သစ်တောနှင့်ဝါးစိုက်ခင်းများ တည်ထောင်ရန်ဆွေးနွေး

နေပြည်တော် ဇွန် ၈

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ထိုင်းနိုင်ငံအခြေစိုက် ဒေသဆိုင်ရာ သစ်တောလုပ်ငန်းများ လေ့ကျင့်ပညာပေးရေးသင်တန်းဗဟိုဌာန (Regional Community Forestry Training Centre) RECOFTC's Board of Trustee Chairman, Mr. Davids Cassells ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအား ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှု အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများနှင့် ဒေသခံများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် ရေရှည်စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာသင်များ စေလွှတ်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ရန်ကုန်အခြေစိုက် MITSUI & Co., Ltd. မှ Managing Officer, Mr. Tanaka နှင့် အဖွဲ့သည် နံနက် ၁၀ နာရီတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ပျက်စီးပြုန်းတီးနေသည့် သစ်တောနယ်မြေများ၌ သစ်တောစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများ တည်ထောင်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၈ ရက်က အမေရိကန်ပြည်ထောင်စု၏ (၂၃၆) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးအား ရန်ကုန်မြို့ရှိ အမေရိကန် သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston က ရန်ကုန်မြို့ ပြည်လမ်းရှိ အမေရိကန် သံရုံး ယာယီတာဝန်ခံနေအိမ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှစ်ရပ် ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး၌ တိုင်းဒေသကြီးအဆင့်အဖွဲ့ အစည်းဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ

ရန်ကုန် ဇွန် ၈

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီနှစ်ရပ် ပူးပေါင်းအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါ်င်းနပ်က ကော်မတီနှစ်ရပ် ပူးပေါင်းပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သွားရောက်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ အကျိုးအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှက တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်နန်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူတို့က ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဒေသ၌လိုအပ်နေသည့် အချက်အလက်များနှင့် ဖြည့်ဆည်းပေးရန်တို့ကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ကော်မတီဝင်များနှင့် ဥပဒေပညာရှင်များက ပြန်လည်ဆွေးနွေးကြသည်။

မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးမြို့ပေါ်ရှိ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားများ၊ ဂေါပကများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များနှင့်တွေ့ဆုံရာ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါ်င်းနပ်က မိမိတို့အဖွဲ့သည် တိုင်းရင်းသားပေါင်းစုံ ပါဝင်သည့်အဖွဲ့ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားပေါင်းစုံ တွေ့ကြုံခံစားနေရမှုများကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်က တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စဉ် တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားများနှင့် စာပေနှင့် ယဉ်ကျေးမှုကော်မတီများက မိမိတို့ဒေသအတွင်း တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြေလျှော့ပေးသင့်သည့် လုပ်ငန်းကိစ္စများနှင့် ဖြည့်ဆည်းပေးရန်များကို တင်ပြကြရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါ်င်းနပ်နှင့် ကော်မတီဝင်များသည် ရွှေမော်ဓောစေတီနှင့် ရွှေသာလျောင်းဘုရားတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကမ္ဘောဇသာဒီနန်းတော်ကို လေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

(၃၆)ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်သေနတ်ပစ်အဖွဲ့ ရွှေတံဆိပ်များဆွတ်ခူး

ရန်ကုန် ဇွန် ၈

မလေးရှားနိုင်ငံ(ကွာလာလမ်ပူမြို့)၌ ကျင်းပခဲ့သည့် ၂၀၁၂ ခုနှစ် (၃၆) ကြိမ်မြောက် အရှေ့တောင်အာရှ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထက်ညီခေါင်းဆောင်သည့် အောင်ပွဲရမြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားအဖွဲ့သည် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် သုံးခု ရရှိအောင်မြင်ခဲ့ပြီး အမျိုးသားတစ်ဦးချင်း မီတာ (၅၀) Prone Men ပြိုင်ပွဲတွင် လင်းအောင် (အားကစားဝန်ကြီးဌာန)က ရွှေတံဆိပ် တစ်ခု၊ အမျိုးသားအသင်းလိုက် မီတာ (၅၀)Prone Men ပြိုင်ပွဲတွင် လင်းအောင် (အားကစားဝန်ကြီးဌာန)၊ အောင်သူရ(သစ်တော)နှင့် အောင်ကျော် (ကာကွယ်ရေး) တို့က ရွှေတံဆိပ် တစ်ခု၊ အမျိုးသားတစ်ဦးချင်း မီတာ (၅၀)Free Pistol ပြိုင်ပွဲတွင် မောင်ကြူ (အားကစားဝန်ကြီးဌာန)က ငွေတံဆိပ် တစ်ခု၊ အမျိုးသမီးတစ်ဦးချင်း (၂၅) မီတာ Sport Women ပြိုင်ပွဲတွင် လေးဇာဇာလှိုင်းမြင့် (သစ်တော)က ငွေတံဆိပ် တစ်ခု၊ အမျိုးသမီးအသင်းလိုက် (၂၅) မီတာ Sport Women ပြိုင်ပွဲတွင် လေးဇာဇာလှိုင်းမြင့် (သစ်တော)၊ ခင်ပပစိုး(ပညာရေး)နှင့် မေပိုးဝါတို့က ငွေတံဆိပ် တစ်ခု၊ အမျိုးသားအသင်းလိုက် မီတာ(၅၀)Free Pistol ပြိုင်ပွဲတွင် မောင်ကြူ(အားကစားဝန်ကြီးဌာန)၊ မိုးကျော်ကျော်(အားကစားဝန်ကြီးဌာန)နှင့် နေထက်အောင် (လက်ရွေးစင်) တို့က ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးအသင်းလိုက် မီတာ (၅၀)Prone Men ပြိုင်ပွဲတွင် သန်းသန်းစော(သစ်တော)၊ အေးအေးသင်း (လယ်/ဆည်) နှင့် သူသူကျော် (လူ/ ကယ်/ပြန်)တို့က ကြေးတံဆိပ် တစ်ခု၊ အမျိုးသားအသင်းလိုက် (၁၀) မီတာ Air Pistol ပြိုင်ပွဲတွင် မောင်ကြူ(အား/ကာ)၊ မိုးကျော်ကျော် (အား/ကာ) နှင့် နေထက်အောင် (လက်ရွေးစင်)တို့က ကြေးတံဆိပ်တစ်ခု တို့ဖြင့် အောင်မြင်မှုရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သန်လျင်မြို့နယ်၌ စာအုပ်လှူဒါန်း

ရန်ကုန် ဇွန် ၈

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီက သန်လျင်မြို့နယ် ဆေးလုံးကြီးကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက သုတ ရသ စာအုပ် ၂၅၀၊ ခရိုင်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက တိုင်ကပ်နာရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာနက စာအုပ်စာစောင် ၂၀၀၊ ကျေးရွာအလှူရှင်များဖြစ်ကြသော ဦးခင်ဇော်ဝင်း၊ ဦးနေဝင်း-ဒေါ်စာ၊ မောင်သန့်ဇင်ထိုက်-မသဇင်ဖြူ၊ မောင်စိုင်စိုးအောင်-မအေးသီတာထိုက်နှင့်ဦးသန်းအေး-ဒေါ်စန်းတင့် မိသားစုတို့က ငွေကျပ်တစ်သောင်းစီ အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ထိုနေ့က မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ပံ့ပိုးငွေကျပ် လေးသိန်းငါးသောင်းနှင့်ကျေးရွာမှ ထည့်ဝင်လှူဒါန်း ငွေကျပ်ရှစ်သိန်းကျော်ဖြင့်ဆောက်လုပ်သည့် သုတကြွယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပခဲ့ပြီး စာကြည့်တိုက်မှာ ၁၅ ပေ×၁၉ ပေ ဖြစ်ပြီး သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (ဝ၄၉)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ခရီးသည်တင်လေယာဉ် နိုင်ရိုဘီလေဆိပ်၌ ပြေးလမ်းချော်

နိုင်ရိုဘီ ဇွန် ၈

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ ဂျိုမိုကင်ညာတာအပြည်ပြည်ဆိုင်ရာလေဆိပ် ပြေးလမ်းပေါ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ဇွန် ၇ ရက်က ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ရာ ခရီးသည်များ ဒဏ်ရာအနည်းငယ်ရရှိခဲ့သော်လည်း လေယာဉ်မှာ တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း နိုင်ရိုဘီလေဆိပ်အရာရှိများက ဇွန် ၈ ရက်တွင် ပြောကြားသည်။

အဆိုပါ လေယာဉ်သည် အိမ်နီးချင်း ယူဂန္ဓာနိုင်ငံမှ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ ဂျိုမိုကင်ညာတာလေဆိပ်သို့ ပျံသန်းဆင်းသက်စဉ် လေယာဉ်ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်မတော်တဆလမ်းချော်မှုကြောင့် ၎င်းလေယာဉ်ပေါ်မှ ခရီးသည် အားလုံးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်ခဲ့သည်။ ထို့နောက် ၎င်းလေယာဉ်ကို စစ်ဆေးပြင်ဆင်မှုများပြုလုပ်ခဲ့ကာ လေယာဉ်ခရီးစဉ်အတိုင်း ပြန်လည်မောင်းနှင် ထွက်ခွာနိုင်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ လေယာဉ်သည် အီဂျစ်လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်း ဖြစ်ပြီး လေယာဉ်ပေါ်တွင် ခရီးသည်မည်မျှပါသည်ကို မသိရှိရသေးကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၉၀၀၀ ခန့်က ငါးဖမ်းထောင်ချောက်တွေ့ရှိ

စတော့ဟုမ်း ဇွန် ၈

ဆွီဒင်နိုင်ငံကမ်းလွန် ဘောလ်တစ်ပင်လယ်ကြမ်းပြင်တွင် လွန်ခဲ့သော နှစ်ပေါင်း ၉၀၀၀ခန့်က အသုံးပြုခဲ့သော ငါးဖမ်းထောင်ချောက်တစ်ခုကို ဆွီဒင် သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြကြောင်း ဇွန် ၈ ရက်က သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိ

ဘောလ်တစ်ပင်လယ်ကြမ်းပြင်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ ဆိုဒါတမ် တက္ကသိုလ်မှ အဏ္ဏဝါဗေဒသုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က လက်ချောင်းအရွယ် သစ်သားချောင်းလေးများဖြင့် ပြုလုပ်ထားသော ရှေးဟောင်း သစ်သားငါးဖမ်း ထောင်ချောက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ယခုတွေ့ရှိရသည့် ငါးဖမ်းလှောင်အိမ်သည် ကမ္ဘာပေါ်တွင် သတ်တမ်းအရင့်ဆုံး ဖြစ်သည်ဟု အဏ္ဏဝါဗေဒသုတေသနပညာရှင် ဂွန်ရွန်ဘိုင်က ပြောကြားသည်။ ၎င်းငါးဖမ်းလှောင်အိမ်အတွင်းသို့ ဝင်ပေါက်မှတစ်ဆင့် ငါးများဝင်အောင်းစေရန် ငါးများကူးခတ်သွားလာရာနေရာ၌ ချထားကာ ထောင်ဖမ်းခြင်းဖြစ်သည်။

အထောက်အကူပြု

အခြားအမျိုးအစား ငါးဖမ်းထောင်ချောက်ခုနစ်ခုခန့်ကို ဆွီဒင်နိုင်ငံတောင်ပိုင်း ကမ်းခြေမှ ရေအနက် ၅ မီတာမှ ၁၂ မီတာ၌ တွေ့ရှိခဲ့ကြသည်။ ရှေးဟောင်းလူသားတို့ နေထိုင်ကျက်စားမှုဓလေ့ရှိခဲ့သည်ကို လေ့လာနိုင်ရန် အထောက်အကူပြုပစ္စည်း တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်တက္ကဆက်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ် အိမ်များပျက်စီး၊ လေယာဉ်ပျံသန်းမှုများဖျက်သိမ်း

ဟူစတန် ဇွန် ၈

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မြောက်ပိုင်းတွင် ဇွန် ၇ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်အများအပြား ပျက်စီးပြီး လျှပ်စစ်ပြတ်တောက်မှုများဖြစ်ပေါ်ကာ လေယာဉ် ပျံသန်းမှုများ ရပ်ဆိုင်းထားရကြောင်း အမေရိကန်အရာရှိများက ဇွန် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုက်ခတ်ခဲ့

အဆိုပါမုန်တိုင်းသည် တက္ကဆက်ပြည်နယ် ရှာမင်အရပ်မှ ဒါလက်စ်မြို့ကိုဖြတ်သန်းကာ တက္ကဆက်ပြည်နယ်အလယ်ပိုင်းသို့ တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းများပြတ်တောက်ခဲ့သည်။ **(ယာပုံ)**

ဖျက်သိမ်းခဲ့

မုန်တိုင်းဒဏ်ကြောင့် ဖို့ဒ်ဝပ်မြို့တွင် နေအိမ်အများအပြား ပျက်စီးခဲ့သည်။ ဒါလက်စ်ဖို့ဒ်ဝပ်မြို့ နိုင်ငံတကာလေဆိပ်တွင် လေယာဉ် ၃၅ စင်းအပါအဝင် အခြားလေဆိပ်များမှ လေယာဉ် အစင်း ၁၄၀ ခန့် ပျံသန်းမှုဖျက်သိမ်းခဲ့ရသည်။

ထုတ်ပြန်ထား

အဆိုပါ မုန်တိုင်းနှင့် မိုးသက်လေပြင်းများသည် တက္ကဆက်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ဆက်လက်တိုက်ခတ်ဖွယ်ရှိကြောင်း အမေရိကန်အမျိုးသား မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ကမ္ဘောဒီးယား၌ တုပ်ကွေးရောဂါဖြစ်ပွားမှု ယခုနှစ်ပထမငါးလအတွင်း ကလေး ၂၁ ဦးသေဆုံး

ဖနောင်ပင် ဇွန် ၈

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမ ငါးလအတွင်း တုပ်ကွေးရောဂါဖြစ်သူ ၄၄၃၄ ဦးရှိရာ ယမန်နှစ်က ရောဂါဖြစ်ပွားသူ ၁၀၀၇ ဦးနှင့်ယှဉ်လျှင် ယခုနှစ်၌ ပိုမိုတိုးလာကြောင်း တွေ့ရသည်ဟု ကျန်းမာရေးဝန်ကြီးဌာန တုပ်ကွေးရောဂါထိန်းချုပ်ရေး အစီအစဉ် ညွှန်ကြားရေးမှူး ငန်ချန်သာက ဇွန် ၇ ရက် တွင် ပြောကြားသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီမှ မေလအထိ ငါးလတာကာလအတွင်း တုပ်ကွေးရောဂါ ဖြစ်သဖြင့် သေဆုံးသည့်ကလေးငယ် ၂၁ ဦး ရှိခဲ့သည်။ ပြီးခဲ့သည့် အောက်တိုဘာလက သေဆုံးသူ ရှစ်ဦးသာရှိခဲ့သည်။ **(ဝဲပုံ)**

တုပ်ကွေးရောဂါမှာ ငါးနှစ်တစ်ကြိမ် အကြီးအကျယ်ဖြစ်တတ်သည်။ အများဆုံးမှာ ၂၀၀၇ ခုနှစ်ကဖြစ်ပြီး ထိုနှစ်ကတုပ်ကွေးရော ဂါဖြစ်ပွားသူ ၄၀၀၀၀ ရှိပြီး ကလေးပေါင်း ၄၀၇ ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် အင်အားရစ်ချ်တာစကေး ၅ အဆင့်ရှိ ပင်လယ်ရေအောက်ငလျင်လှုပ်

ဂျကာတာ ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက်ပိုင်း ကမ်းဦးရေတိမ်ပိုင်းတွင် အင်အားရစ်ချ်တာ စကေး ၅ အဆင့်ရှိ ငလျင်တစ်ခု ဇွန် ၈ ရက်က လှုပ်သွားကြောင်း မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်သည် မြောက်ဆူလာဝေစီပြည်နယ် ကီပူလူရန်တာရေမြို့ အရှေ့တောင်ဘက် ၆၇ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၀ ကီလိုမီတာ တွင် ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်ငလျင်ရပ်ဝန်းတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်ခြင်းကြောင့် ငလျင်များ မကြာခဏလှုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **(အင်တာနက်)**

တူရကီနိုင်ငံအလယ်ပိုင်း၌ ပရိဘောဂစက်ရုံမီးလောင်

အစ္စတန်ဘူလ် ဇွန် ၈

တူရကီနိုင်ငံအလယ်ပိုင်း ကွန်ယာပြည်နယ်ရှိ ပရိဘောဂ စက်ရုံတစ်ရုံ ဇွန် ၆ ရက်က မီးလောင်မှုဖြစ်ပွားရာ အလုပ် သမား ၁၇ ဦး ဒဏ်ရာရပြီး ၂၀ မှာ မီးခိုးငွေ့မွန်သည့်ဝေဒနာ များခံစားကြရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

မီးကူးစက်

ဇွန် ၆ ရက် မွန်းလွဲပိုင်းက ပရိဘောဂစက်ရုံဂိုဒေါင် တစ်လုံးမှ မီးစတင်လောင်ခြင်းဖြစ်ပြီး အလုပ်သမားအင်အား ၅၀၀ ရှိသည့် ထိုစက်ရုံမှတစ်ဆင့် အခြားနေရာများသို့ မီးကူး စက်လောင်ကျွမ်းသွားခြင်းဖြစ်သည်။ **(ယာပုံ)**

အလုပ်သမားအများစုမှာ မီးခိုးမွန်ကုန်သဖြင့် လုပ်ဖော် ကိုင်ဖက်များက ကယ်ဆယ်ပြီး ဆေးရုံသို့ အရေးပေါ်တင်ပို့ လိုက်ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

၈-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

သက်ရှိထင်ရှားရှိနေသည့် ကမ္ဘာ့အသက်အကြီးဆုံးညီအစ်မနှစ်ဦး

အင်္ဂလန်နိုင်ငံမှ အသက် ၁၀၈ နှစ်အရွယ်ရှိ ဒိုရိုသီရစ်ချက်စ် နှင့် ၎င်း၏ညီမ အသက် ၁၀၅ နှစ် အရွယ်ရှိ မာဂျိုရီရှုဒလီတို့ ညီအစ်မ နှစ်ဦးကို ဂင်းနက်စ်မှတ်တမ်းအရာရှိ များက ဇွန် ၇ ရက်တွင် ကမ္ဘာပေါ်၌ သက်ရှိထင်ရှားရှိနေသည့် အသက် အကြီးဆုံး ညီအစ်မနှစ်ဦးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခဲ့ သည်။ (ဝဲပုံ)

၎င်းတို့နှစ်ဦးကို မွေးဖွား ပြီးနောက် လန်ဒန်မြို့ကောလိပ်ကျောင်းများသို့ မတက်ရောက်မီ ၎င်းတို့၏မိဘများက နေ့သမ်ပတန် တွင် လူလားမြောက်သည်အထိ ကျွေးမွေးစောင့်ရှောက်ခဲ့ကြသည်။ ၎င်းတို့၏ မိခင်သေဆုံးပြီးချိန်တွင် မိသားစုများကိုစောင့်ရှောက်ရန် အင်္ဂလန်အရှေ့ပိုင်းသို့ ပြန်လာခဲ့ကြသည်။ အဆိုပါ ညီအစ်မနှစ်ဦး၏ ဂင်းနက်စ်မှတ်တမ်းတင်အသိအမှတ်ပြုအခမ်းအနားပွဲကို ညီမဖြစ်သူ ရှုဒလီနေထိုင်ရာ ပီတာ ဘရတ်မြို့ ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့ပြီး လက်ဖက်ရည်ဖြင့်ကျွေးမွေးဧည့်ခံခဲ့သည်။ ၎င်းတို့ညီအစ်မနှစ်ဦးကို ကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိနေသည့် အသက်အကြီးဆုံး ညီအစ်မနှစ်ဦးဖြစ်ကြောင်း ဂင်းနက်စ် မှတ်တမ်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ ညီအစ်မနှစ်ဦး၏ စုစုပေါင်း အသက်မှာ ၂၁၃ နှစ်၊ သုံးလနှင့် ၂၇ ရက်ဖြစ်သည်။

ဩစတြေးလျအနောက်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ်

ဩစတြေးလျနိုင်ငံအနောက်ပိုင်း ပါ့သ်မြို့အရှေ့မြောက်ပိုင်း ဆင်ခြေဖုံးဒေသတွင် ဇွန် ၇ ရက်က လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ပြီးနောက် ပျက်စီးမှုများဖြစ်ပေါ်ကာ ဩစတြေးလျအနောက်ပိုင်းရှိ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များ တစ်ညလုံးရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း ဒေသဆိုင်ရာ မီဒီယာ များက သတင်းထုတ်ပြန်သည်။ အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဒီနီလာနှင့်မောလီ ဆင်ခြေဖုံးဒေသများတွင် သစ်ပင်များပြိုလဲပြီး လျှပ်စစ်ဓာတ်အားလိုင်းနှင့် အဆောက်အအုံအမိုးများ ပျက်စီး ခဲ့ကြောင်း၊ ယင်းလေဆင်နှာမောင်းသည် အချိန် ၁၀ မိနစ်မျှသာ တိုက်ခတ်ခဲ့သော်လည်း အမေရိကန် ဒေါ်လာသန်းပေါင်းများစွာပျက်စီးခဲ့ကြောင်း သိရသည်။ နေအိမ်ပေါင်း ထောင်နှင့်ချီ၍ လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ပြီး မကြာမီအချိန်အတွင်း ပြန်လည်ကောင်းမွန်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ဆိုက်ဘေးရီးယားတောမီးငြိမ်းသတ်စဉ် မီးသတ်သမားကိုးဦးသေဆုံး

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် တောမီးငြိမ်းသတ်စဉ် မီးသတ်လေထီးတပ်ဖွဲ့ဝင် ကိုးဦး ဇွန် ၆ ရက်က သေဆုံးသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ တူဗာမှ ဧရိယာဟက်တာ ၅၀၀ တွင် တောမီးလောင် ကျွမ်းခဲ့ရာ တောမီးကို ငြိမ်းသတ်ရန် ရုရှားလေကြောင်းမှ မီးသတ်လေထီးတပ်ဖွဲ့ဝင် ၁၃ ဦး စေလွှတ်ခဲ့ ကြောင်း ရုရှားသစ်တောဌာနက ကြေညာသည်။ မီးသတ်ရာမှ မီးသတ်လေထီးတပ်သားလေးဦးသာလျှင် ပြန်လာနိုင်ပြီး ကျန်ကိုးဦးမှာ မီးသတ်ရင်း သေဆုံးသွားခဲ့ကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိ ကြောင်း ယင်းသတင်းတွင် ထပ်မံဖော်ပြသည်။ (အင်တာနက်)

ကုလသမဂ္ဂမြို့ရွာနှင့်အိုးအိမ် ပြန်လည်ထူထောင်ရေး အစီအစဉ်နှင့် Pact Myanmar တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၈

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာလုပ်ငန်းများပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေး အစီအစဉ် (UN. Habitat) နှင့် Pact Myanmar တို့အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဇမ္ဗူသီရိဟိုတယ်၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီး၏ ရှေ့မှောက်၌ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN. Habitat) မှ Heat of Agency Mr. Srinivasa Popuri နှင့် Pact Myanmar မှ စီမံကိန်းအုပ်ချုပ်ရေးမှူး Mr. Thomas E Hensleigh တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် USAID မှ Mission Director Mr. Terry Myers၊ ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN. Habitat) မှ Heat of Agency Mr. Srinivasa Popuri နှင့် Pact Myanmar မှ စီမံကိန်းအုပ်ချုပ်ရေးမှူး Mr. Thomas E Hensleigh တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

ထန်းတပင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ထန်းတပင် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာအုပ်စု အနောက်ပိုင်းတက္ကသိုလ်လမ်း လမ်းဘေးဝဲယာ၌ ဇွန် ၅ ရက် နံနက်က သစ်တောဦးစီးဌာနကကြီးမှူး၍ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးတင့်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ပျိုးပင်ပေါင်း ၁၆၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (ဝင့်ရ)

ကိုရီးယားထုတ်ကုန် ပစ္စည်းပြပွဲ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် ဇွန် ၈

ဇွန် ၈ ရက်မှ ၁၁ ရက်အထိ ခင်းကျင်းပြသမည့် ကိုရီးယားထုတ်ကုန် ပစ္စည်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ယနေ့ နံနက်က ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့ တက်ရောက်၍ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

Logic Myanmar Co.,Ltd. က ကြီးမှူး၍ပြသသော အဆိုပါပြပွဲတွင် အများပြည်သူတို့ စိတ်ဝင်စားလျက်ရှိသည့် ကားပြခန်းလည်း ပါဝင်ပြသထားရာ အချို့သော ကားပြခန်းတွင် ဂျပန်နိုင်ငံမှ မော်တော်ကားများ မှာယူတင်သွင်းခြင်း၊ ကားပါမစ် လျှောက်ထားခြင်း၊ ဘဏ်ငွေလွှဲခြင်း၊ သင်္ဘောတင်ကိစ္စများ ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းမှ ထုတ်ယူပေးခြင်းတို့ကို ရှင်းလင်းပြသထားပြီး ပြပွဲကာလအတွင်း အထူးအစီအစဉ်အဖြစ် ရန်ကုန်ဆိပ်ကမ်းအရောက် ငွေကျပ်သုံးသိန်းဖြင့် ကားလေလံရယူပေးလျက်ရှိကြောင်းနှင့် ပြပွဲတွင် အဝတ်အထည်၊ စားသောက်ကုန်၊ အလှကုန်၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြသထားရာ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူတို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (၁၆၈)

မြန်မာ့အလင်း ဖောင်ပိတ်အားကစား

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲစတင် အိမ်ရှင်ပိုလန်နှင့်ဂရိ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့

အာကာဟိန်း-ရေးသားသည်

ဝါဆော ဇွန် ၈

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်အဖြစ် ပိုလန်နိုင်ငံ ဝါဆောမြို့ အမျိုးသားအားကစားရုံ၌ ဇွန် ၈ ရက် ညပိုင်းက အိမ်ရှင် ပိုလန်နှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ (အောက်ပုံ)

အဖွင့်ဂိုးသွင်း

အိမ်ရှင်ပိုလန်တို့ ပရိသတ်အားပေးမှုနှင့်အတူ ဂရိအသင်းဘက်သို့ ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၁၇ မိနစ်၌ ပိုလန်မှ လီဝမ်ဒေါ်စကီးက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဂရိတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဂရိအသင်းမှ ပါပက်စကာသိုပူလော့စ် ပွဲချိန် ၄၄ မိနစ်၌ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် ဂရိတို့ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

ပထမပိုင်း ပွဲချိန်အပြီး ပိုလန်တို့က တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန် ၅၁ မိနစ်၌ ဂရိအသင်းမှ ဆာလ်ပင်ဂီဒစ်က ပိုလန် ဂိုးသမားကာကွယ်၍လွတ်ထွက်လာသော ဘောလုံးကို အနီးကပ် ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

ဂရိအသင်းသည် ၁၀ ဦးတည်းဖြင့် ကစားရသော်လည်း ခံစစ်ဖြင့် မကစားဘဲ တိုက်စစ်ဖွင့်ကစားခဲ့ရာ အပြန်အလှန် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၆၈ မိနစ်၌ ဂရိတိုက်စစ်မှူးအား ပိုလန်ဂိုးသမား အက်ဇ်ဇက်စ်နေ ဟန့်တားမှု ကြမ်းတမ်းခြင်းကြောင့် ပိုလန်ဂိုးသမား အက်ဇ်ဇက်စ်နေ အနီကတ်တိုက်ရိုက်ပြ အထုတ်ခံရပြီး ပယ်နယ်တီပါ အပေးခံခဲ့ရသည်။ ယင်းပယ်နယ်တီကို ဂရိအသင်း ခေါင်းဆောင် ကာရာဂူနစ် ကန်သွင်းရာ ပိုလန်အသင်းမှ အစားဝင်ဂိုးဖမ်းသည့် ဂိုးသမား တိုင်တန်က ကာကွယ်နိုင်ခဲ့သဖြင့် ဂရိတို့ နစ်နာခဲ့ရသည်။

ထို့နောက် အိမ်ရှင် ပိုလန်တို့ အနိုင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ပွဲအပြီး၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ ပိုလန်တို့ မိမိကွင်း မိမိပရိသတ်ရှေ့မှောက်၌ ပွဲဦးထွက် အနိုင်ရလဒ်မပြနိုင်ဘဲ ဖြစ်ခဲ့သည်။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု

မျက်မှောက်ခေတ် လက်ငင်းဖြေရှင်းရသည့်ပြဿနာ သို့မဟုတ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး

တိုး-ရေးသားသည်

ကမ္ဘာတစ်ဝန်းမှ နိုင်ငံတကာသတင်းများသည် ယခုအခါ အိုင်တီနည်းပညာကြောင့် နေ့စဉ်နေ့တိုင်း နာရီ၊ မိနစ်မလပ် တသွင်သွင် စီးဆင်းလျက်ရှိသော မြစ်ရေပမာ ဖြစ်ပေါ်ဖြတ်သန်းလျက်ရှိသည်။ ထိုအထဲတွင် အားတက်ဖွယ်၊ ကျေနပ်အားရ စိတ်ချမ်းမြေ့ဖွယ်သတင်းများ ပါလာတတ်သကဲ့သို့ တစ်ခါတစ်ရံတွင် အနိဋ္ဌာရုံသတင်းများလည်း ပါလာတတ်သည်။

တစ်ဖန် အနိဋ္ဌာရုံသတင်းများအနက် စက်ဆုပ်ဖွယ်၊ ပြောမထွက်နိုင်လောက်အောင် ဆိုးရွားလှသည့် သတင်းကား အခြားမဟုတ် လူကုန်ကူးမှုသတင်းပင်ဖြစ်သည်။

ပိုမိုကြီးထွား

တောင်အာဖရိကနိုင်ငံ၌ လိင်ကျေးကျွန်နှင့် ပြည့်တန်ဆာလုပ်ငန်းတို့မှ ကယ်တင်ခဲ့ရသည့် မိန်းကလေးနှင့် အမျိုးသမီးဦးရေ ပိုမိုများပြားလာခြင်းမှာ ထိုနိုင်ငံ၌ ကလေးသူငယ်များ၊ အထူးသဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများကို လူကုန်ကူးမှုအန္တရာယ် ပိုမိုကြီးထွားလာကြောင်း ပြသနေခြင်းဖြစ်သည်ဟု အင်န်ဂျီအိုအဖွဲ့များက ဇွန် ၄ ရက်တွင် သတိပေးလိုက်သည်ကိုတွေ့ရသည်။

တောင်အာဖရိကနိုင်ငံ၌ လူကုန်ကူးမှုဆိုင်ရာ လက်ရှိအခြေအနေနှင့် ပတ်သက်၍ စာရင်းအင်းများမှာ သာမန်ကာလျှံကာသာရှိကြောင်း၊ သို့သော် အင်န်ဂျီအိုများက အချက်အလက်များ ပိုမိုပြည့်စုံစွာရရှိရေး ကြိုးပမ်းနေသည်ဟု ကိတ်တောင်းမြို့အခြေစိုက် ကလေးသူငယ်အခွင့်အရေးအဖွဲ့ဖြစ်သည့် မိုလိုဆွန်ဂိုလိုလိုအဖွဲ့ ညွှန်ကြားရေးမှူး ပက်ထရစ်ဆော်လမွန်က ပြောကြားသည်။

သို့သော် ထိုအဖွဲ့အနေဖြင့် လွန်ခဲ့သည့် ၁၂ နှစ်က လူကုန်ကူးမှုအစီရင်ခံစာကို ပထမဆုံးအကြိမ် ထုတ်ပြန်လိုက်သောအခါ လူကုန်ကူးမှုကိစ္စကို ရဲတပ်ဖွဲ့က ပိုမိုအာရုံစိုက်ဆောင်ရွက်တိုက်ဖျက်လာသည်ကို တွေ့ရသည် ဆို၏။ ထို့ကြောင့် လွန်ခဲ့သည့် နှစ်နှစ်အတွင်း အမှုများ ပိုမိုဖော်ထုတ်ပြီး ရုံးတင်နိုင်ခဲ့သည်ဆို၏။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက "လူကုန်ကူးမှုနှင့် နောက်ဆက်တွဲ အန္တရာယ်ကြီးနှင့်ဆက်စပ်သည့်ဖြစ်ရပ်များကို တိုက်ဖျက်ပစ်ရန်" နိုင်ငံတကာ အသိုက်အဝန်းသို့ မကြာမီကပင် တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရသည်။

"ထိုရာဇဝတ်မှုမှာ မတွေးဝံ့စရာပင်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အားလုံးသည် ဤကိစ္စကို ခေါင်းထဲထည့်ပြီး ပြောရဆိုရမှာ ဖြစ်ကြောင်း၊ ထို့ထက် လူကုန်ကူးမှုလုပ်ငန်းကို ပျောက်ကွယ်သွားအောင် မိမိတို့ လက်တွဲဆောင်ရွက်ရမှာဖြစ်ကြောင်း" လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားခဲ့သည်။

ရောင်းစားမှု

လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ကဏ္ဍအသီးသီးမှ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပါဝင်ရမည်ဟုလည်း ၎င်းက တိုက်တွန်းလိုက်သည်။ မိမိတို့သည် တူညီသော လူ့အခွင့်အရေးနယ်ပယ်မှ



လာကြသည့်အတွက် အမြင်ရှုထောင့်များမတူကွဲပြားသော်လည်း တူညီသောဦးတည်ချက်ဖြင့် လူကုန်ကူးမှုကို တိုက်ဖျက်ပစ်ကြရမည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။ ခက်နေသည်က ချွတ်ခြုံကျအောင် မွဲတေနေသည့် မိသားစုများသည် သူတို့၏ ရင်သွေးငယ်များကို အသပြာအနည်းငယ် ရရေးအတွက် ရောင်းစားနေမှု ပြဿနာဖြစ်ကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်မှန်တာဘန်ကီမွန်းက ရင်ဖွင့်လိုက်သည်။

ဖော်ပြပါရှိ

မှန်ပါသည်။ တောင်အာဖရိကမှ သတင်းတွင်လည်း ဖော်ပြပါရှိကြောင်း တွေ့ရပြန်သည်။ ဆင်းရဲသည့် အသိုက်အဝန်းမှ အမျိုးသမီးများနှင့် မိန်းကလေးများကို ဟိုရောက်လျှင် "မော်ဒယ်" လုပ်ရမယ်၊ ဘာမယ်ဟူ၍ အလုပ်ရမည်ဟူသော မက်လုံးပေး၍ လူကုန်ကူးသူ လူမသမာများက သွေးဆောင်ဖြားယောင်းကြသည်။ အသိပညာဗဟုသုတ နည်းသည့် ထိုမိန်းကလေးများက ယုံ၍ပုံအပ်လိုက်ရာ ပြန်ပေးဆွဲခံရပြီး ဆေးခတ်ခံလိုက်ရကာ နောက်ဆုံး သူတို့ရွာ၊ သူတို့အိမ်နှင့် ဝေးရာ လောကငရဲခေါ်မဖွယ်ရာဒုစရိုက်ဘုံရိပ်မြုံအတွင်း လိင်ကျေးကျွန်အဖြစ် ရောက်ရှိသွားကြရသည်။ ထို့ကြောင့်ပင် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ တစ်ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ရေးအစီအစဉ်နှင့်တကွ ကုလသမဂ္ဂလူကုန်ကူးမှုဆိုင်ရာ စေတနာအလျောက် ထည့်ဝင်ရန်ပုံငွေအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ရသည့်အပြင် ကုလသမဂ္ဂ လူကုန်ကူးမှုအထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုဟန့်တားရေး၊ နှိမ်နင်းရေးနှင့် အပြစ်ပေးရေးစာချုပ်စသည့် နိုင်ငံတကာစာချုပ်များကို ချုပ်ဆိုထားခဲ့ရသည်။

အခက်အခဲများ

တောင်အာဖရိကနိုင်ငံ ရဲတပ်ဖွဲ့နှင့် အင်ဂျင်နီယာများက ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား လူကုန်ကူးမှုဘေးမှ ကယ်တင်ရန် စွမ်းနိုင်သမျှ ဆောင်ရွက်ပါ၏။ သို့သော် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် မရှိသဖြင့် အခက်အခဲများ ကြုံရသည်ဆို၏။ ဥပဒေကြမ်း လက်မှတ်ရေးထိုးရန် မပြီးမပြတ်သေးဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံ၌ နောက်ထပ်ကြုံရတတ်သည့် အဓိကပြဿနာမှာ အကူအညီပေးလာသည့် အလှူရှင်များ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ထိုအခါ ပြစ်မှုကမ္ဘာထဲသို့ အမျိုးသမီးငယ်များ ရောက်ရှိသွားတော့သည်။ ထိုရုံသောအခါ အမှုကျူးလွန်သူများကို ဥပဒေအရ အရေးယူရန် အခက်အခဲဖြစ်သွားရတော့သည်။

ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတကာဥပဒေများနှင့် အညီ ပြည်တွင်းဥပဒေပြဋ္ဌာန်းရန် လိုအပ်လာသည်။ လူကုန်ကူးသူများက မက်လုံးပေး၊ ဖြားယောင်းကာ လက်နက်သုံး ခြိမ်းခြောက်ခြင်းကို ကမ္ဘာ့ပြည်သူတို့က တရားဥပဒေဘောင်အတွင်း ရာဇဝတ်ကောင်များကို သွတ်သွင်းပြစ်ဒဏ်စီရင်ခြင်းဖြင့် တုံ့ပြန်ရမည်ဖြစ်သည်။ ထို့ပြင် ဆင်းရဲတွင်းနက်ပြီး အသိပညာဗဟုသုတနည်းသူများအား ဆင်းရဲတွင်းမှလွတ်ကင်းအောင် စီမံကာ ပညာပေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်သင့်ပါသည်။ သို့မှသာ ဤအနိဋ္ဌာရုံသတင်း များ လျော့နည်းပပျောက်သွားနိုင်မည်ဖြစ်ပါ ကြောင်း။ ။

ကိုးကား-အင်တာနက်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ပဧည့်သည်တွေ့ဆုံ ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၈

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်အား အမေရိကန်အခြေစိုက် Mercy Corps အဖွဲ့မှ Country Director, Mr. Paolo Cerati နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** ၎င်းတို့အဖွဲ့အနေဖြင့် မိခင်မွေးကင်းစနှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေးလုပ်ငန်းများ၊ ရေကောင်း ရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာ သဘောတူလက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှုမထပ်စေရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် အရေးကြီးကြောင်း၊ ဆောင်ရွက်မည့် အသေးစိတ်လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ခံများနှင့်ညှိနှိုင်းပြီး ပြန်လည်တင်ပြရန် ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန်းညွန့်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ်၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်း မေပယ်လ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဂန္ဓမာလမ်း ပေါင်းကူး ဉာဏရပ်ကွက် အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်နှင့် အလှူရှင် ဦးတင်ဝမ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)**

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်မိသားစုမှ ဒေါ်ကြွေကြွေဇင်က ရှင်းလင်းပြောကြားပြီး စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မေပယ်လ်ကုမ္ပဏီမှ ဦးတင်ဝမ်-ဒေါ်လှကျင်၊ ဒေါက်တာ အောင်ဝင်း-ဒေါ်ကြွေကြွေဇင်မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ်၁၆ သိန်း တန်ဖိုးရှိ အဝတ်အထည်များ၊ ဗိုလ်မှူးချုပ် ဘသော်-ဒေါ်နန်းခမ်းလိုင်းတို့အား ရည်စူး၍ သားသမီးများက ငွေကျပ် ၁၅ သိန်း၊ မစ္စတာ ပတ်ချွင်ယူမိသားစု (World Apparel Manufacturing Co.,Ltd.) မှ ငွေကျပ် ၁၀ သိန်းနှင့် စာရေးကိရိယာများကို မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးက လည်းကောင်း၊ ဦးဝင်းထိန် (ပါဝါဝင်းသစ်စက်)က ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းက ငွေကျပ် ငါးသိန်း၊ ဦးသိန်းထွန်း-ဒေါ်ဖြူဖြူသွင် (TWP Co., Ltd. / Tun Thwin Mining Co., Ltd.) က ငွေကျပ် သုံးသိန်း၊ ဦးမျိုးမြင့်-ဒေါက်တာချိုချိုဝင်း (ဘုတ်ဆုံမရုတ်သီးမှုန့်)တို့က ငွေကျပ်တစ်သိန်းစီလှူဒါန်းကြရာ အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းက လက်ခံခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဇီးချောင်းရေအားလျှပ်စစ်ရေထိန်းကန်အတွင်း နုန်းတင်မြေနုနှင့် သဲကျောက်များဆယ်ယူ

ကလေး ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ဇီးချောင်းရေအားလျှပ်စစ် ရေစုကန်ကြီးအတွင်း နုန်းတင်မြေနု၊ သဲကျောက်များအား စက်ယန္တရားကြီးများဖြင့် ဆယ်ယူခြင်းလုပ်ငန်းကို မေ ၂၉ ရက် နံနက် ၁၀နာရီခွဲက ပြုလုပ်သည်။

ယင်းလုပ်ငန်းခွင်သို့ ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးယုမော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလျန်ခင်းခမ်နှင့် မြို့နယ်မီးလင်းရေးကော်မတီဝင်များသွားရောက်၍ မိုးမကျမီ လုပ်ငန်းအမြန်ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဇီးချောင်းရေအားလျှပ်စစ်ရေလှောင်ကန်ကြီးအတွင်းရှိ နုန်းတင်မြေနု သဲကျောက်များ ဆယ်ယူမှုပြီးစီးပါက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း ဘဝအမောပြေ

အာကာဟိန်း ရေးသည်

ကျန်နေလို့

သတိအမြဲရှိပြီး စည်းစနစ်တကျနေထိုင်တတ်သော အမျိုးသားကြီးတစ်ဦး ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ နာမည်ကြီးဆံသဆိုင်သို့ ရောက်ရှိလာလေသည်။

ဆံပင်ညှပ်သူ ။ ။ "မင်္ဂလာပါ...ဆံပင်ညှပ်မှာလားခင်ဗျာ.."
အမျိုးသားကြီး။ ။ "အေး...ဟုတ်တယ်။"
ဆံပင်ညှပ်သူ ။ ။ "အဲဒါဆိုရင်...အပြင်ကုတ်အင်္ကျီကိုချွတ်ပါခင်ဗျာ.."
အမျိုးသားကြီး။ ။ "ငါသိတယ်... ဆရာမလုပ်ပါနဲ့။"
ဆံပင်ညှပ်သူ ။ ။ "ဟုတ်ကဲ့"
အမျိုးသားကြီး။ ။ အပြင်ကုတ်အင်္ကျီကိုချွတ်ကာ အင်္ကျီချိတ်၌ ဖြည်းညင်းသေချာစွာ ချိတ်လေသည်။
ဆံပင်ညှပ်သူ ။ ။ အသာပင်ကြည့်ရှုနေသည်။
အမျိုးသားကြီး။ ။ လည်စည်းကိုချွတ်ကာ ချိတ်၌ စနစ်တကျချိတ်လေသည်။
ဆံပင်ညှပ်သူ ။ ။ အသာပင်ကြည့်ရှုနေသည်။
အမျိုးသားကြီး။ ။ အင်္ကျီလက်ရှည်ကို ဖြည်းညင်းစွာလိပ်တင်ပြီး လည်ပင်းနားမှ ကြယ်သီးကို အသာအယာဖြုတ်လေသည်။
ဆံပင်ညှပ်သူ ။ ။ ဆက်လက်ပြီး ကြည့်ရှုနေသည်။
အမျိုးသားကြီး။ ။ ထို့နောက် ဆံပင်ညှပ်ထိုင်ခုံပေါ်တက်ထိုင်ကာ ပြောလေသည်။ "ကဲ... ဆံပင်ညှပ်တော့..."
ဆံပင်ညှပ်သူ ။ ။ နဂိုနေရာ၌ မလှုပ်ရှားသေးဘဲ ဆက်လက်ကြည့်ရှုနေသည်။
အမျိုးသားကြီး။ ။ "ဟေ့... ဆံပင်ညှပ်တော့လေ... ဘာလုပ်နေတာလဲ..."
ဆံပင်ညှပ်သူ ။ ။ "ဆရာ့ခေါင်းပေါ်က ဦးထုပ်မချွတ်ရသေးဘူး"
အမျိုးသားကြီး။ ။ "ဟေ"

ပညာသင်စရိတ်ထောက်ပံ့

မေ ၃၁ ရက်က ပန်းဘဲတန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပွဲကို မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက ဝန်ထမ်းသားသမီး ကျောင်းသားကျောင်းသူ ၁၆ ဦးတို့အတွက် ငွေကျပ် ၁၈၁၇၀၀ တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။ (၁၀၂)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

စစ်တွေ ဇွန် ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(စစ်တွေ)၏ကြီးကြပ်မှုဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပညာပေးဟောပြောပွဲကို မေ ၃၁ ရက်က စစ်တွေမြို့နယ်မြေခံတပ်၌ကျင်းပရာ ဦးရဲရင့်သန့်ဇင်ဆွေ (စစ်ဆေးရေးမှူး-၃) က တက်ရောက်လာကြသူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ကညန)**

ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ အမျိုးသမီးအား မုဒိမ်းကျင့်/သတ်ဖြတ်/လုယက်မှု ကျူးလွန်သူ တရားခံ(၃)ဦးအား တရားစွဲတင်ခြင်း

ကျောက်ဖြူ ဇွန် ၈

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာမှ မသီတာထွေးအား မုဒိမ်းကျင့်/သတ်ဖြတ်/ လုယက်မှုကျူးလွန်သူ တရားခံ(၃)ဦးအား ကျောက်နီမော်ရဲစခန်း(ပ) ၂၃/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၂/၃၇၆/၃၉၂ဖြင့် ဇွန် ၈ရက် နံနက် ၉နာရီခန့်တွင် ကျောက်ဖြူခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ခရိုင်တရားရုံးမှ ရာကြီးအမှတ် ၁၄/၂၀၁၂ ဖြင့် လက်ခံစစ်ဆေးခဲ့ကြောင်း၊ တရားခံများက ခုခံချေပရန်အတွက် တရားခံရှေ့နေမငှားလိုကြောင်း လျှောက်ထားခဲ့ကြောင်း၊ ခရိုင်တရားရုံးမှ တရားမျှတမှုရှိစေရန် တရားရုံးလုပ်ထုံးလုပ်နည်းအရ အစိုးရရှေ့နေတစ်ဦး စီစဉ်ပေးလျက် ဆက်လက်ကြားနာစစ်ဆေးသွားရန် ဇွန် ၁၁ ရက် ပြန်လည် ရုံးချိန်းပေးခဲ့ပြီး ယနေ့ ၉နာရီ မိနစ် ၄၀တွင် တရားရုံးလုပ်ငန်းပြီးဆုံးခဲ့ကြောင်း သိရှိရသည်။

တရားရုံးထုတ်စစ်ဆေးစဉ် တရားရုံး၌ ရပ်ရွာလူထု (၁၀၀)ခန့် တက်ရောက်နားထောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဝင်း၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးမောင်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ကျွန်း၊ မဲဇလီ၊ ယမနေ၊ ရေသင်းဝင်၊ ချယ်ရီ၊ မဟော်ဂနီ စုစုပေါင်း အပင် ၁၄၄၀ ခန့်ကို စိုက်ပျိုးကြစဉ်။ (ခရိုင်သစ်တောဦးစီး)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့အလင်း မှုခင်းသတင်း

သဃ်န်းကျွန်းစံပြဈေးအနီး ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၈

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမကြီး စံပြဈေးမှတ်တိုင်အနီးတွင် ၆၃ ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးထွန်းဝင်းအောင် မောင်းနှင်လာသည့် ဒိုင်နာယာဉ်ကို ပြည်ထောင်စုခုံကျော်တံတားပေါ်မှ ယာဉ်မောင်း ညွန့်ဝင်း မောင်းနှင်လာသည့် ၆၂ ခရီးသည်တင် မီနီဘတ်(စ်)က ဘရိတ်ပေါက်ပြီး နောက်မှ အရှိန်ပြင်းစွာဝင်တိုက်မိခဲ့သည်။

ဖြစ်စဉ်တွင် (၆၃)ယာဉ်လိုင်းမှ စပယ်ယာ သန်းဇော်ဦး (၃၁)နှစ်သည် နေရာတွင်ပွဲချင်းပြီးသေဆုံးခဲ့ပြီး ခရီးသည်တစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိကာ ခရီးသည်အချို့ ဒဏ်ရာများရရှိသွားကြောင်းနှင့် ဒဏ်ရာရရှိသူများအား သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။ **နေလင်း (သတင်းစဉ်)**

ရန်ကုန်-ပုသိမ်ကားလမ်းမပေါ်တွင် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

ကျောင်းကုန်း ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး မိုင်တိုင် ၇၄/၃ နှင့် ၇၄/၄ ကြား ကွမ်းခြံကုန်းအုပ်စု သာယာကုန်းကျေးရွာအနီးတွင် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမကြီး မိုင်တိုင်အမှတ် ၇၄/၃ နှင့် ၇၄/၄ ကြား ကွမ်းခြံကုန်းအုပ်စု သာယာကုန်းကျေးရွာအနီးတွင် ရန်ကုန်မှ ကွင်းကောက်မြို့သို့ ယာဉ်မောင်း လှမြင့်မောင်းနှင်လာသည့် ယာဉ်အမှတ် ၅ က /... ကင်တာ (အဖြူရောင်)ခြောက်ဘီးယာဉ်သည် ၎င်းယာဉ်၏ရှေ့ရှိ စက်ဘီးစီးနင်းသူကိုရှောင်ရာမှ ကျုံပျော်မြို့မှ ရန်ကုန်မြို့သို့သွားသည့် ယာဉ်မောင်း အောင်ဌေး မောင်းနှင်လာသည့် မှန်လုံယာဉ် ၄ ခ/... နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်နှစ်စီးပေါ်တွင်ပါလာသည့် ကျားခြောက်ဦး၊ မနှစ်ဦးတို့မှာ ဒဏ်ရာအသီးသီး ရရှိသွားသည်။ ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ကျောင်းကုန်းမြို့ ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၉၁)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝန်ထမ်းသားသမီးများ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၈

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ကောလိပ်/ သိပ္ပံကျောင်းများ၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ အခြေခံပညာအဆင့်တွင် ပညာရည်ချွန်ဆုရ သားသမီးများကိုယ်စား မောင်ကောင်းခန့်ကျော် (သတ္တမတန်း အထက(၆) နေပြည်တော်) အား လည်းကောင်း၊ လစာနည်း ဝန်ထမ်းသားသမီးများကိုယ်စား ပညာသင်ထောက်ပံ့ကြေးအား မသဲသဲစံ (ဒသမတန်း အထက (၅) အေလာ)အား လည်းကောင်း ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးတို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပညာသင်ကြားနေကြသည့် ဝန်ထမ်းသားသမီးများကိုယ်စား သက်ဆိုင်ရာ ကိုယ်စားလှယ်များထံ ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပံ့ပိုးသွားမည့် အစီအစဉ်များနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာထူးချွန်သူများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝန်ထမ်းသားသမီးများအတွက် အခြေခံပညာအဆင့်၌ ပညာရည်ချွန်ဆု (၁၂၄)ဆုအတွက် ချီးမြှင့်ငွေကျပ် ၃၉ သိန်းနှင့် လစာနည်း ဝန်ထမ်းသားသမီး ၈၃၄ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ပစ္စည်း ငွေကျပ် ၂၃၃ သိန်း စုစုပေါင်း ငွေကျပ် ၂၇၂ သိန်းဖိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းပိုင်းလုပ်ကွက် (၁၈)ကွက်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး လုပ်ကွက် (၉)ကွက်တွင် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများနှင့် ပူးပေါင်းထားသော နိုင်ငံတကာရေနံကုမ္ပဏီများကို စိစစ်ရွေးချယ်ခဲ့ရာ ယခုလက်မှတ်ရေးထိုးသည့် EP 5 (အင်ပင်-တဲကြီးကုန်းဒေသ)သည် ကုန်းပိုင်းလုပ်ကွက်များအတွက် ဆဋ္ဌမအကြိမ်မြောက် လက်မှတ်ရေးထိုး ချုပ်ဆိုခြင်းဖြစ်ပြီး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီများကိုလည်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၈

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Bob Carr ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ဓနသဟာယ စစ်သင်္ချိုင်းသို့ သွားရောက်၍ ပန်းခွေချ အလေးပြုကြသည်။

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ဒုဋ္ဌဝတီကို သက်သေတည်၍. . .

သတင်းဆောင်းပါး
မောင်တွေးထက်
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

"ဒုဋ္ဌဝတီ ရေကြည်ချောင်းကလေး. . ." ဟူသောစာသားပါသည့် သီချင်းကို ရေဒီယိုနားထောင်ရင်း ငယ်စဉ်ကပင် နားထဲစွဲနေမိသည်။ နေပြည်တော်မှ လားရှိုးမြို့သို့ မော်တော်ယာဉ်ဖြင့်သွားဖြစ်လေတိုင်း သီပေါမြို့အနီးတွင် ဒုဋ္ဌဝတီမြစ်ကိုဖြတ်ခဲ့ရသည်ချည်းပင်။ သီပေါတံတားသစ်ကြီး မပြီးမီကဆိုလျှင် ကုန်တင်ကားကြီးများသည် ဒုဋ္ဌဝတီမြစ်ကို ပွန်တွန်းတံတားပေါ်မှ ဖြတ်ကူးကြရသည်။

သီပေါမြို့သို့ လေ့လာရေးခရီး သွားရောက်စဉ်က ပွန်တွန်းတံတားအနီးမှ ဒုဋ္ဌဝတီမြစ်စီးဆင်းမှုကို အရသာခံ၍ ကြည့်ဖြစ်ခဲ့သည်။ ထိုစဉ်က ဒုဋ္ဌဝတီမြစ်ရေသည် အုတ်ခဲရောင်ဖြစ်၍ နေလေသည်။ ဩော်. . . အခုတော့လည်း ဒုဋ္ဌဝတီသည် ရေကြည်ချောင်းကလေးမဟုတ်တော့ပါလားဟု တွေးမိခဲ့သေးသည်။ ဒုဋ္ဌဝတီမြစ်သည် ရှမ်းပြည်နယ်အတွင်းမှ စီးဆင်းလာပြီးနောက် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ရောက်သောအခါ မြစ်ငယ်မြစ်ဟူသော အမည်သစ်တစ်ခု ထပ်မံရရှိခဲ့ပြန်သည်။

ပြီးခဲ့သည့် သင်္ကြန်အလွန်ရက်များက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအနီး တည်ရှိသည့် ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ လေ့လာရေးခရီး ရောက်ဖြစ်ခဲ့သည်။ မန္တလေးမြို့မှ မော်တော်ယာဉ်ဖြင့် နံနက်စောစောထွက်ခဲ့ရာ တစ်နာရီသာသာခန့် မောင်းပြီးနောက် ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုလှမ်းမြင်နိုင်သောဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိခဲ့လေသည်။

နံနက်ခင်း နေထွက်ပြုစဖြစ်၍ တောင်စဉ်တောင်တန်းများနောက်ခံဖြင့် ဒုဋ္ဌဝတီမြစ်စီးဆင်းနေမှုမှာ အလွန်ပင် ပနံရ၍ ကြည်နူးဖွယ်ဖြစ်ရလေသည်။

ဒုဋ္ဌဝတီမြစ်ကို စက်လှေဖြင့်ဖြတ်ကူးစဉ် ဒုဋ္ဌဝတီရေကြည်ချောင်းကလေးဆိုသော သီချင်းကို ကြားယောင်လာမိပြန်သည်။ ဒုဋ္ဌဝတီမြစ်ရေသည် ကြည်လင်အေးမြကာ တငြိမ့်ငြိမ့်စီးဆင်း၍ နေလေသည်။ ဒုဋ္ဌဝတီမြစ်ကို တမံပိတ်၍ ရဲရွာရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်လိုက်ခြင်းကြောင့် ရဲရွာအောက်ပိုင်းတွင် မြစ်ရေကြည်လင်လာကာ ရေစီးညင်သာသွားခြင်းဖြစ်ကြောင်း သိရသည်။

ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဒုဋ္ဌဝတီမြစ်မှရေကိုစုပ်တင်၍ ဒေသစိုက်ပျိုးရေရရှိရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ရာ စီမံကိန်းကာလအတွင်းမှာပင် ရည်ရွယ်ချက်ရုပ်လုံးပေါ် အောင်မြင်လျက်ရှိသည်။ ရွှေလုံ့ဗိုလ်ဒေသမှ ဒေသခံတောင်သူများသည် ယခင်က မြေသာရှိပြီး ရေမရှိ၍ သီးနှံစိုက်ပျိုးနိုင်ခြင်းမရှိခဲ့ရာမှ ယခုအခါ ရေကို လိုသလောက်ရပြီဖြစ်၍ မိုးစပါး၊ နွေစပါးသာမက ဆောင်းသီးနှံများကိုပါ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စပါးဧက ၅၀၀၊ အခြား သီးနှံဧက ၂၅၀၀ စုစုပေါင်း အကျိုးပြုဧက ၃၀၀၀ ကို ရေပေးဝေမည်ဖြစ်သည်။ စီမံကိန်းရေသောက်ဧရိယာအတွင်း ပါဝင်သော ကျေးရွာအုပ်စု နှစ်အုပ်စု (မီးသွေးဘုတ်နှင့် ရွာဘို)ရှိ ကျေးရွာ ကိုးရွာအတွက် စိုက်ပျိုးရေရရှိစေရန် ရည်ရွယ်၍ ၂၅-၁၁-၂၀၀၉ ရက်တွင် စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းတည်ဆောက်ဆဲကာလအတွင်း စိုက်ပျိုးရေပေးဝေနိုင်ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုးစပါးဧက ၄၅၀၊ နွေစပါး ၄၇၂ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်၌ မိုးစပါး ၅၉၂၈ဧက၊ နွေစပါး ၆၄၇ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်သည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၂၇ လက်မခန့်သာ ရွာသွန်းခဲ့သဖြင့် ယခင်က စိုက်ပျိုးရေလုံလောက်မှု မရှိဘဲ သဘာဝမိုးရေဖြင့် တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့သည်။ ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း မစတင်မီက စဉ့်ကိုင်မြို့နယ်၏ ဒေသဝမ်းစာဖူလုံမှုမှာ ၂၀၆ ဒသမ ၆၇ ရာခိုင်နှုန်းသာရှိပြီး စီမံကိန်းတည်ဆောက်ဆဲကာလ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှုမှာ ၂၂၇ ဒသမ ၇၆ ဖြစ်၍ ဒေသဝမ်းစာဖူလုံမှု ၂၁ ဒသမ ၀၉ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း သိရသည်။

ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ပင်မမြောင်းသည် အကျယ် ၁၀ ပေ× ၇ပေ၊ အရှည် ၉ မိုင်၊ လက်တံမြောင်း ၇ ခု စုစုပေါင်းအရှည် ၁၄ ဒသမ ၅၇ မိုင်၊ ရေတင်အဆင့်သုံးဆင့် စုစုပေါင်း ရေတင်အမြင့်ပေ ၁၆၀ ဖြစ်သည်။ ရေစုပ်စက်တပ်ဆင်မှုအနေဖြင့် ၂၀ ကျူ့ဆက် ၁၁ လုံး၊ ၉ ကျူ့ဆက် သုံးလုံး စုစုပေါင်း ရေစုပ်စက် ၁၄ လုံး တပ်ဆင်ထားပြီး ဓာတ်အားခွဲရုံ သုံးရုံ ပါဝင်သည်။

ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင် စီမံကိန်း စီမံကိန်းကြီးကြပ်မှုအင်ဂျင်နီယာ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးရဲဝင်းထွန်းက စီမံကိန်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် "၂၀၀၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှာ တည်ဆောက်ရေးလုပ်ငန်းတွေစတင်ခဲ့ပြီး လုပ်ငန်းကာလ ရှစ်လခွဲအကြာ ၂၀၁၀ ခုနှစ် ဇူလိုင် ၂ ရက်မှာ မြောင်းစတင်ရေစမ်းနိုင်ခဲ့ပါတယ်။ ဇူလိုင် ၉ ရက်မှာ ရွှေလုံ့ဗိုလ်ကန်အတွင်း စတင်ရေသွင်းပြီး မိုးစပါးဧက ၄၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်တာ ဖြစ်ပေမယ့် ဒေသခံပြည်သူတွေ ရေပေါများစွာ သုံးစွဲလာနိုင်တာနဲ့အမျှ ရေရှားပါးမှုကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါဘယတွေ ကင်းဝေးပြီး တိုက်ရိုက်မမြင်သာတဲ့ အကျိုးရလဒ်ကိုပါ ခံစားကြရပါတယ်" ဟု ပြောကြားသည်။

ရွှေလုံ့ဗိုလ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို သွားရောက်လေ့လာခဲ့ရပြီးနောက် မြစ်ရေတင်လုပ်ငန်းများ တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာခြင်း၊ သီးထပ်စွမ်းအားတိုးတက်လာခြင်း၊ ဒေသဝမ်းစာဖူလုံစွာရရှိခြင်း၊ သောက်သုံးရေရရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေး ကောင်းမွန်လာခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာခြင်း၊ အပေါ်ယံမြေဆီလွှာကောင်းမွန်လာခြင်း၊ မြေအောက်ရေ မြင့်တက်လာခြင်းနှင့် မြောင်းစစ်လမ်းကို ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုအတွက် လွယ်ကူစွာအသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ဗဟုသုတတိုးပွားခဲ့ရပေသည်။

ဒုဋ္ဌဝတီမြစ်သည် တောင်စဉ်တောင်တန်းများ၊ လျှိုမြောင်ချောက်ကမ်းပါးများကို ဖြတ်သန်း၍ သဘာဝအလျောက် ဖြစ်ပေါ်စီးဆင်းလျက်ရှိရာ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ တည်ဆောက်မှုစွမ်းပကားဖြင့် ပေါင်းစပ်လိုက်သောအခါ ရွှေလုံ့ဗိုလ်ဒေသမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်ခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၌ စက်ယန္တရားကြီးများဖြင့် နတ်ရေကန်ရေလွှဲဆည် တည်ဆောက်မှုကို တွေ့ရစဉ်။



ရွှေလုံ့ဗိုလ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေတင်အဆင့်(၁)ရှိ ရေငြိမ်ကန်နှင့် မြောင်းမကြီးကို ပနံရစွာ တွေ့ရစဉ်။

ကွယ်လွန်သူ ဦးစိုးမြင့်အားရည်စူး၍ ကျန်ရစ်သူမိခင်ကြီးဒေါ်မြင့်မြင့် (သား) ကိုသားကြီးနှင့်ဇနီး၊ ကိုသားငယ်နှင့်ဇနီး မိသားစုများက တွံတေးမြို့မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး/အာဟာရပဒေသာအတွက် ငွေကျပ်သုံးသိန်းကို ရိပ်သာအမှုဆောင် ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင်ထံ လှူဒါန်းစဉ်။ (၀၀၉)

၃၁ နှင့် ၅၇ အထူးယာဉ်လိုင်းများ မကြာမီပြေးဆွဲတော့မည်

ရန်ကုန် ဇွန် ၈

အမှတ် ၃၁ နှင့် ၅၇ အထူးယာဉ်လိုင်းနှစ်လိုင်းကို မကြာမီ ပြေးဆွဲတော့မည် ဖြစ်ကြောင်း သိရှိရသည်။ ယင်းယာဉ်လိုင်းနှစ်လိုင်းသည် ယခင်စစ်ကျန်ဘတ်စ်ကားများဖြင့် ပြေးဆွဲခဲ့သည့်လိုင်းနှစ်လိုင်းဖြစ်ပြီး ယခုအသစ်ပြေးဆွဲမည့် ယာဉ်လိုင်းသည် ယင်းစစ်ကျန်ဘတ်စ်ကားလိုင်းများကိုမှီ၍ အထူးယာဉ်လိုင်းအဖြစ် ပြေးဆွဲမည်ဖြစ်သည်။

၃၁ အထူးယာဉ်လိုင်းသည် တောင်ဥက္ကလာပ ဘောလီတံတားထိပ်မှ တာမွေ၊ တာမွေမှ ပုဇွန်တောင်၊ ပုဇွန်တောင်မှ ဆူးလေ၊ ဆူးလေမှ ဘုန်းကြီးလမ်းအတိုင်းဖြစ်ပြီး အပြန်လမ်းသည် ဗိုလ်ချုပ်လမ်းမှ လာလမ်းအတိုင်းပြန်မည်ဖြစ်ကာ ယာဉ်စီးရေ ၁၆ စီး စီစဉ်ထားကြောင်း သိရသည်။

အလားတူ ၅၇ အထူးယာဉ်လိုင်းသည် ယခင် ၄၈ နှင့် ၅၇ စစ်ကျန်ဘတ်စ်ကားလိုင်းကို မှီ၍ အင်းစိန်ပန်းခြံမှ ကမာရွတ်၊ ကမာရွတ်မှ လှည်းတန်း၊ လှည်းတန်းမှ မြေနီကုန်း၊ မြေနီကုန်းမှ စံပြရုပ်ရှင်ရုံ၊ စံပြရုပ်ရှင်ရုံမှဆူးလေသို့ ပြေးဆွဲမည်ဖြစ်ပြီး အပြန်လမ်းသည် လာလမ်းအတိုင်းပြန်မည်ဖြစ်သည်။ ယင်းလိုင်းအနေဖြင့် ယာဉ်စီးရေ ၁၄ စီး ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

ယာဉ်စီးခကို ပုံသေ ကျပ် ၂၀၀ သတ်မှတ်မည်ဖြစ်ပြီး မော်တော်ယာဉ်လိုင်းပြေးဆွဲနိုင်ရေးအတွက် မော်တော်ယာဉ်ပိုင်းအနေဖြင့် ခရီးသွားများ အဆင်ပြေစေရန် ထိုင်ခုံများမှအစ ပြင်ဆင်စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကာ ယာဉ်လိုင်းပြေးဆွဲနိုင်ရန် CNG အသုံးပြုခွင့်ကို သက်ဆိုင်ရာသို့ တင်ပြထားဆဲဖြစ်ကြောင်း၊ CNG အသုံးပြုခွင့်ရရှိပါက ယာဉ်လိုင်းပြေးဆွဲရန် အသင့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မထသရုံးချုပ် တာဝန်ရှိသူထံမှ မေးမြန်းသိရှိရသည်။

သို့ပါ၍ ယင်းအထူးယာဉ်လိုင်းနှစ်လိုင်း ထပ်မံပြေးဆွဲပါက ခရီးသွားပြည်သူများ လိုရာခရီးသို့ အေးချမ်းသာယာစွာဖြင့် သွားနိုင်တော့မည်ဖြစ်သဖြင့် အသစ်ပြေးဆွဲတော့မည့် ယာဉ်လိုင်းနှစ်လိုင်းကို မျှော်လင့်နေကြပါသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၁၂ (စနေနေ့)

၅:၄၀	**ကိုယ့်ဟာမဟုတ်ရင်သွားမတုနဲ့** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၁၀:၄၀	Golden Minute
၂:၂၀	I Got it
၂:၃၀	WBC Muay Thai World Championships
၆:၁၅	ဗီဒီယိုပြခန်း
၇:၄၀	မယုံနိုင်စရာတကယ့်ကမ္ဘာ
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၂၀	Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ)
၁၁:၅၀	ရေဆေးပန်းချီဆရာကြီးဦးဘဏ်ရှိန်
၄:၁၀	လှပစွာချုပ် ဂျူဦးထုပ်
၄:၁၅	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၄:၄၀	စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ

(၂၆)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကျင်းပ

နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် အပြုသဘောတူလက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၆)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမှတ်(၃) တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး Charnchainarong Dhanarun နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Pisanu Suvanajata တို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေး

ယင်းနောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်အောင်ရဲဝင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့ အတွင်းရေးမှူး ထိုင်း-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ ဦးစီးမှူး ဗိုလ်ချုပ် Sumphan Srirajbuapan နှင့် မြန်မာ-ထိုင်းဒေသဆိုင်ရာကော်မတီအဖွဲ့ဝင်များက မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးမှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့ရေပိုင်နက်ဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်ခြားဧရိယာအတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် အစည်းအဝေးပထမနေ့ကို ရပ်နားသည်။

အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၈ ရက် နံနက် ၈ နာရီတွင် အဆိုပါဟိုတယ်၌ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် (၂၇)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး ကျင်းပမည့်ရက်နှင့် နေရာတို့ကို သတ်မှတ်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး Charnchainarong Dhanarunတို့က(၂၆)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသဘောတူညီချက်မှတ်တမ်းအား အတည်ပြုလက်မှတ်ရေးထိုးကြကာ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် မြန်မာ-ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များကို အပြန်အလှန်ပေးအပ်ကြပြီး အမှာစကားပြောကြားကာ အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သရက်၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်သီးများ လှိုင်လှိုင်ပေါ်

သတင်းနှင့်ဓာတ်ပုံ
အဝယ်တော်ဖိုးထော်

သည်နှစ် အချိုစားအသီးအနှံများ လွန်စွာမှပင် ပေါလှသည်ဟုဆိုရမည်။ ကြည့်မြင်တိုင် ဘားကရာဆိပ်ကမ်း သစ်သီးတန်းသို့ သရက်သီးအမှည့်များ မပြတ်တမ်း လှိုင်လှိုင်ဝင်နေသကဲ့သို့ လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီးသို့ ဒူးရင်းသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးများက ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် နေ့စဉ်မပြတ်ဝင်လျက်ရှိနေသည်ကို တွေ့ရသည်။

ဆိုင်းထမ်းနှင့်တစ်သွယ်၊ ဆိုက္ကား (ဂါလီ)ဖြင့်တစ်နည်း တစ်နေ့လေးငါးသည်မက ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ်၊ သရက်သီးသည်များ ရပ်ကွက်များအတွင်း လှည့်လည်ရောင်းဝယ်နေကြသည်။

တွံတေးမြို့နယ်မှ ထွက်သော ရင်ကွဲသီး၊ မချစ်စု သရက်သီးတင်သမ္ဘန်ကြီးများကလည်း ဝမ်းလုံးပြည့်တင်ဆောင်ကာ ဘားကရာဆိပ်ကမ်းသို့ နေ့စဉ် အစင်း ၂၀ မျှ ဆိုက်ကပ်လျက်ရှိပြီး မြို့နယ်၊ ရပ်ကွက်ဈေးနှင့်မြို့တွင်း သစ်သီးတန်းများတွင် တစ်လုံးလျှင် ပျမ်းမျှငွေကျပ် ၅၀ ခန့်ဖြင့် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်သည်ကို တွေ့ရှိရသည်။

တစ်ဖန် သီရိမင်္ဂလာဈေးသစ်ကြီးအဝင်မှာ ဒူးရင်းသီးများကို ကိုယ်ပိုင်ကားဖြင့် ဝယ်ယူ၍ အခြေချရောင်းချလျက်ရှိနေသည်ကို ထိုနေ့က တွေ့မြင်လိုက်ရသည်။ လိုက်ထရပ်ကား စီးလုံးပြည့်ဖြင့် အလုံးအချိုးအစားအလိုက် ဈေးခေါ်ရောင်းချနေသည်။ အသေး၊ အလတ်၊ အကြီးတစ်လုံးလျှင် ငွေကျပ် ၈၀၀မှ ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၅၀၀ အထိ ကောင်းလျှင် ကောင်းသလို ဈေးရှိနေသည်။

မြန်မာ့ဒူးရင်းသီးများသည် ဖြူး၊ တောင်ငူ၊ ကျောက်ကြီး၊ သံတောင်၊ မော်လမြိုင်၊ သထုံ၊ မြိတ်၊ ရေး၊ သံဖြူဇရပ်၊ ကော့ကရိတ် စသည့်နယ်များမှ ထွက်ရှိပြီး မတ်လမှ ဇူလိုင်လအထိ လှိုင်လှိုင်ဝင်တတ်ကြောင်း သိရသည်။

ဈေးအတွင်း ရောင်းချနေသော မင်းကွတ်သီးဆိုင်တစ်ဆိုင်သို့ ဝင်၍ စနည်းနာခဲ့ရာ သည်ရက်များအတွင်း ရေး၊ ကျိုက္ကော် အသီးများအဝင်များ လျက်ရှိကြောင်း၊ ဆယ်လုံးဈေးငွေကျပ် ၅၀၀ ဖြစ်ကြောင်း၊ နယ်မှသယ်ယူရာတွင် စက္ကူပုံး(ဖာ)၊ ထင်းရှူးပုံး(တာ)များ ဝင်ရောက်မှုရှိပြီး အလုံးအကြီးအသေးပေါ်မူတည်၍ ဈေးကွက်ရှိကြောင်း ဆိုင်ရှင်က ဆိုပါသည်။

မေလဆန်းမှ ဇူလိုင်လကုန်အထိ ဈေးကြီးအတွင်းသို့ မပြတ်တမ်းဝင်တတ်ပြီး သည်နှစ်အသီးပိုဝင်ကြောင်း၊ သို့သော် အသီးဝင်များသည့်အတွက် ကြိုက်ဈေးခေါ်မရကြောင်း သိရသည်။

အရပ်ထဲတွင်ပင် ဆယ်လုံးကို ငွေကျပ် ၅၀၀ ဖြင့် အော်ရောင်းနေသည့်အတွက် သီရိမင်္ဂလာဈေးကြီးအတွင်း၌ ထိုထက် ဈေးကပိုချိုလှသည်။

ကြက်မောက်သီးများကို မူလပင်ကိုအရွက်လေးများဖြင့် အတွဲလိုက်အလှစီတွဲ၍ ရောင်းကြသည်။

ကျိုက်ထိုနယ်မှ ဝင်သောအသီးများကိုအလုံး ၈၀ ခန့် တစ်တွဲလျှင် ငွေကျပ် ၂၅၀၀ ဈေးခေါ်ပြီး ကျပ် ၂၀၀၀ ဝန်းကျင်ရောင်းကြသည်။

မော်လမြိုင်အသီး ၁၀၀ပါ တစ်တွဲလျှင် ငွေကျပ် ၃၅၀၀ ဈေးခေါ်ပြီး ကျပ် ၃၀၀၀ ဝန်းကျင်ရလျှင် ရောင်းဝယ်ကြကြောင်း သိရသည်။

သို့ဖြစ်ရာ ယခုနှစ်သည် အသီးအနှံပေါများသည့်နှစ်ဟု ဆိုရမည့်အပြင် ဈေးပါချိုသာနေကြောင်း တွေ့မြင်နေရသည်။ ။

သီရိမင်္ဂလာဈေးရုံကြီးအတွင်းမှ ကြက်မောက်သီးဆိုင်။

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ဇွန် ၅ ရက်က မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ပညာသင်အထောက်အကူပြုရန် လိုအပ်သော ကျောင်းသား ကျောင်းသူ ၅၀ အတွက် သင်ထောက်ကူပစ္စည်းများ တန်ဖိုး ကျပ် ၄၆၉၅၀၀ ရှိ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီအား ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ပိဋကတ်စာပေများ လှူဒါန်း

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက် သာသနာ့ရောင်ခြည်ကျောင်းတိုက်ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ပရိဝုဏ်၌ဆောက်လုပ်လှူဒါန်းထားသော သာသနဝဍ္ဎကာရပိဋကတ်တိုက်တော်ဖွင့်ပွဲနှင့် ပိဋကတ်ကျမ်းစာပေများ ရေစက်ချလှူဒါန်းပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီက ယင်းပိဋကတ်တိုက်တော်၌ကျင်းပရာ မြို့နယ်သာသနာရေးမှူး ဦးထွန်းထွန်း၊သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌဦးအောင်ကြည်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကြည်ထွန်း၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးကျင်လှိုင်တို့က အလှူရှင်ဦးတင်သန်း၊ ဒေါ်တင်နု၊ ဦးထွန်းမြင့်နှင့် အလှူရှင်များအား အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂၅)

ပြိုင်ဆိုင်မှုကို ခွင့်ပြုမည့် ဆက်သွယ်ရေးကဏ္ဍ

မောင်ရင်နွယ်

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပြဋ္ဌာန်းထားသော ဥပဒေများကိုလေ့လာကြည့်ရာ အဓိကဥပဒေများမှာ အတော်ပင် သက်တမ်းရင့်နေကြပြီဖြစ်ကြောင်း တွေ့ရပါသည်။ အဆိုပါ ဥပဒေများမှာ -

(က) မြန်မာတယ်လီဂရပ်ဖ် အက်ဖ်ဥပဒေ(၁၈၈၅)
(ခ) မြန်မာဝိုင်ယာလက် တယ်လီဂရပ်ဖ် အက်ဥပဒေ (၁၉၃၄)
(ဂ) မြန်မာနိုင်ငံ စာတိုက်အက်ဥပဒေ(၁၈၉၈)
(ဃ) ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ(၁၉၉၆)
(င) အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ (၂၀၀၄)

ဆက်သွယ်ရေးကဏ္ဍရှိ ဥပဒေများမှာ ပြင်ဆင်ရန်လိုအပ်နေကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်အချို့က ဆွေးနွေးချက်များရှိလာခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဆက်သွယ်ရေးဥပဒေများ ပြင်ဆင်ရေးကို မည်သည့်အခါမှ မျက်ခြည်မပြတ်ခဲ့ပါ။

ယခုလက်ရှိအစိုးရအဖွဲ့ စတင်တာဝန်ယူချိန်ကစ၍ ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဆက်သွယ်ရေးဥပဒေ (ပထမမူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ကာ သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များ တောင်းခံခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီးတွင် တိုးတက်မှုနှုန်း အမြင့်မားဆုံးသော ကဏ္ဍတစ်ခုလည်းဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍ၏ တိုးတက်မှုနှုန်းကို အောက်ပါဇယား၌ ဖော်ပြထားရာ ဇယားကိုကြည့်လျှင် တိုးတက်မှုနှုန်းများမှာ ခေတ်အဆက်ဆက်၌ အားရစရာကောင်းသော တိုးနှုန်းများဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်-

ဆက်သွယ်ရေးတိုးတက်မှုနှုန်း(၁၉၇၃-၂၀၁၃)

စဉ်	နှစ်	တိုးနှုန်း
၁။	၁၉၇၃-၁၉၇၄	၈၈
၂။	၁၉၈၈-၁၉၈၉	၆. ၂
၃။	၁၉၉၅-၁၉၉၆	၂၄. ၆
၄။	၂၀၀၀-၂၀၀၁	၂၉. ၀
၅။	၂၀၀၁-၂၀၀၂	၃၀. ၅
၆။	၂၀၀၂-၂၀၀၃	၈၉. ၈
၇။	၂၀၀၄-၂၀၀၅	၅၁. ၆
၈။	၂၀၀၅-၂၀၀၆	၁၈. ၅
၉။	၂၀၀၉-၂၀၁၀	၁၉. ၁
၁၀။	၂၀၁၀-၂၀၁၁	၉. ၄
၁၁။	၂၀၁၂-၂၀၁၃	၁၅၀. ၄ (ခန့်မှန်း)

ဆက်သွယ်ရေးကဏ္ဍသည် ၁၉၇၃-၇၄ ခုနှစ်တွင် ၈၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၈၉ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ တိုးနှုန်းကို ၁၅၀ ဒသမ ၄ ရာခိုင်နှုန်း လျာထားခဲ့ကြောင်း တွေ့ရပါသည်။ စီးပွားရေးကဏ္ဍတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှုနှုန်းတွင် ဆယ်ဂဏန်းတိုးတက်မှုနှုန်း (Double Digit Growth Rate) ရရန်မလွယ်ပါ။ ထိုနှုန်းမျိုးကို ဆက်တိုက်ရရှိလာသော ကဏ္ဍ၏ ရှေ့အလားအလာမှာလည်း အလွန်ကောင်းမွန်ပါသည်။ ယခု ရာဂဏန်းတိုးတက်ရန်ပင် ရည်မှန်းထားပါသည်။

ဤကဲ့သို့ ရှေ့အလားအလာကောင်းများရှိနေသည့် ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကာ စီးပွားရေးအကျိုးအမြတ်ရယူလိုကြသည်မှာ စီးပွားရေးသမားတိုင်း စီးပွားရေးလုပ်ငန်းတိုင်း၏ သဘာဝပင်ဖြစ်ပါသည်။

နိုင်ငံတကာအတွေ့အကြုံ

တောင့်တင်းခိုင်မာသော ဥပဒေများ၊ ခိုင်ခံ့သော ဆက်သွယ်ရေးကွန်ရက်များကို ပိုင်ဆိုင်ထားကြသည့် တိုင်းပြည်များ၌ပင်လျှင် များစွာသော အငြင်းပွားမှုများ၊ ဥပဒေကြောင်းအရ ဖြေရှင်းနေရခြင်းများကို တွေ့ရပါသည်။

ဥပမာ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားနှင့် နိုင်ငံသားပိုင်ဆိုင်မှုအချိုး မညီညွတ်မှု ပြဿနာရှိနေပါသည်။ အိန္ဒိယနိုင်ငံတွင် ခွင့်ပြုပြီးသော ဆက်သွယ်ရေးလုပ်ငန်းလုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းမှုကြောင့် တိုင်းပြည်ခေါင်းဆောင်အဆင့်အထိပါဝင် ညှိနှိုင်းပေးနေရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံပိုင်ဆက်သွယ်မှုကွန်ရက်ခိုင်မာမှုမရှိခင် တယ်လီဖုန်းနှင့် မိုဘိုင်းအော်ပရေတာများအား အပြိုင်ပေး၍ ဆောင်ရွက်စေခဲ့သဖြင့် နိုင်ငံပိုင်ဆက်သွယ်ရေးလုပ်ငန်းသည် ဈေးကွက်၏ တစ်ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်မှုရခဲ့ပါသည်။ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတွင် အော်ပရေတာများအား အပြိုင်အဆိုင်လုပ်ပိုင်ခွင့်ပေးလိုက်ရာ ဈေးကွက်ရှိပြီး အမြန်ဝင်ငွေရနိုင်မည့် မြို့ကြီးများ၌သာ ဦးစားပေး အပြိုင်ဆောင်ရွက်ခဲ့သဖြင့် ဆက်သွယ်ရေး၏ တိုးတက်မှုသည် တစ်နိုင်ငံလုံးသို့ စိမ့်ဝင်ပျံ့နှံ့မှုမရှိခဲ့ပါ။

အထက်ပါဥပမာများကို ပြန်ကြည့်လျှင် ဆက်သွယ်ရေးကဏ္ဍ၌ နိုင်ငံတော်အပိုင်းက အမြော်အမြင်ရှိရှိဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းသိရှိနိုင်ပါသည်။

ပြိုင်ဆိုင်မှုခွင့်ပြု

ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁၆-၂-၂၀၁၂ က ပေးပို့ခဲ့သော ဆက်သွယ်ရေးဥပဒေမူကြမ်းသည် ဒုတိယမူကြမ်းပင် ဖြစ်ပါသည်။ ထိုမူကြမ်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း အသေအချာ စိစစ်သုံးသပ်မည်သာဖြစ်ပါသည်။ ဆက်သွယ်ရေး ဥပဒေမူကြမ်းတွင် ပုဂ္ဂလိကအပိုင်း၏ပါဝင်မှုကို ခွင့်ပြုထားသည့်အပြင် အစိုးရပိုင်းကလည်း ပါဝင်ယှဉ်ပြိုင်မှုကို အားပေးထားကြောင်း တွေ့ရပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် ပြိုင်ဆိုင်မှုအခွင့်အလမ်းများကို ဖွင့်ပေးလိုက်ပါက နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းကုမ္ပဏီများနှင့် ထိတွေ့ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ရာ ဥပဒေကြောင်းအရလည်းကောင်း၊ ဆက်သွယ်မှုကွန်ရက်အရလည်းကောင်း ခိုင်မာမှုရှိရန်၊ အဘက်ဘက်မှ ပြည့်စုံခိုင်မာမှုရှိရန် အရေးကြီးပါသည်။

ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဤဥပဒေမူကြမ်းကို အသေအချာစိစစ်နေမည်ဟု ယုံကြည်ပါသည်။ ကောင်းမွန်သော၊ ခိုင်မာသော ဥပဒေတစ်ခုဖြစ်သည်ဟု ယူဆမှသာ လွှတ်တော်၌တင်ပြမည်ဖြစ်ပါသည်။

သမိုင်းစာအုပ်အသစ်ဖွင့်

၁-၆-၂၀၁၂ ရက်နေ့က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနတွင် အမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် လုပ်ငန်းခွင့်ပြုဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားသည် ဆက်သွယ်ရေးကဏ္ဍ စာတိုက်လုပ်ငန်း၏ သမိုင်းစာအုပ်အသစ်တစ်စခု ဖွင့်လှစ်ခြင်းကို ဖော်ပြနေသည်။

"နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုကို စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းသာမက ဆက်သွယ်ရေးကဏ္ဍမှ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် အိုင်တီလုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက ကုမ္ပဏီများနှင့်မည်ကဲ့သို့ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လုပ်ငန်းများကိုရှာဖွေကာ ဆွေးနွေးညှိနှိုင်း၍ ဥပဒေနှင့်အညီခွင့်ပြုပေးရန် အစီအစဉ်ရှိကြောင်း၊ လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆက်သွယ်ရေးဥပဒေကို ရှေ့နေချုပ်ရုံးမှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်ထားကြောင်း" စသည်တို့ကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဆိုပါအခမ်းအနား၌ ထည့်သွင်းပြောကြားခဲ့ရာ စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၌သာမက ဆက်သွယ်ရေး၏အခြား မျက်နှာစာများ၌လည်း သမိုင်းစာအုပ်အသစ်များ ဖွင့်လှစ်ရေးသားရန် အလားအလာများရှိနေသည့် ရနံ့သင်းသင်းပျံ့ပျံ့မွှေးမွှေးကို ခံစားမိပါသည်။

ဆက်သွယ်ရေးကဏ္ဍက ချမှတ်သော မူဝါဒများသည် ဆက်သွယ်ရေးကဏ္ဍတစ်ခုတည်းအပေါ်၌သာမက နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးတိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများအပေါ်၌ပါ အကျိုးသက်ရောက်မှုရှိကြောင်း သတိပြုသင့်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ လက်ရှိပြုပြင်ပြောင်းလဲမှုများကိုကြည့်လျှင် ဖြေလျှော့မှုများ အထိုက်အလျောက်ရှိနေသည်ကို ငြင်းပယ်၍ မရပါ။ ထိုပြုပြင်ပြောင်းလဲဖြေလျှော့မှုများ၏ စရိုက်လက္ခဏာကိုကြည့်လျှင် ပြိုင်ဆိုင်မှုရှိသော ဈေးကွက်ကို ဖော်ညွှန်းနေသည့် စရိုက်လက္ခဏာများနှင့် တစ်စထက်တစ်စ နီးကပ်လာကြောင်းကိုလည်း တွေ့မြင်နိုင်ပါသည်။

ဆက်သွယ်ရေးကဏ္ဍကို မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်မည်ဆိုသောကိစ္စအတွက် အကောင်းဆုံးပုံစံ (Best fit model) မရှိပါ။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် မြန်မာနိုင်ငံ၏စနစ်သမိုင်းကြောင်းချင်းတူညီခဲ့သဖြင့် ဆက်သွယ်ရေးကဏ္ဍတွင်လည်း သူတို့နိုင်ငံများ၏ ပုံစံအတိုင်း မြန်မာနိုင်ငံလိုက်နာ ကျင့်သုံးသင့်သည်ဟုဆို၍ မရပါ။

ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတကာအတွေ့အကြုံများနှင့် သင်ခန်းစာများကိုရယူကာ မိဘပြည်သူ၊ မြို့ပြ၊ ကျေးလက်နှင့် တိုင်းရင်းသားအားလုံးအတွက် ရေရှည်တွင် အကျိုးအမြတ်အများဆုံးကို ဖော်ဆောင်ပေးနိုင်မည့် အကောင်းဆုံးနည်းလမ်းနှင့်ပုံစံကို ရှာဖွေဆန်းစစ်ကာ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား

၉-၆-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်

နေ့လယ်ပိုင်း

၁၁း၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၀၀	**အိပ်မက်ထဲကအတိုင်း** မုန့်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေးပညာပေးဇာတ်လမ်း

ညပိုင်း

၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ရုပ်မြင်ပြဇာတ်အစီအစဉ်
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မလေးရှားနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dr.Ahmad Faisal Bin Muhamad

သည် ယနေ့ညနေ ၄ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ **(အပေါ်ပုံ)** ရန်ကုန်တိုင်းဒေသကြီးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုက်ဂါးမြန်မာ ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသည့် Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးတေဇ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်း၊ ဦးဇော်မင်းနှင့် အမှုဆောင်များ၊ Myanmar Brewery Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe နှင့် တာဝန်ရှိသူများ၊ ရန်ကုန်ဂေါက်ကလပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ချီးမြှင့်သော အမှတ်တရဂုဏ်ပြုလက်ဆောင်များကို မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်းက ပေးအပ်ရာ Myanmar Brewery Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe၊ ရန်ကုန်ဂေါက်ကလပ်မှ ဦးစိန်လွင်နှင့် ပြိုင်ပွဲဝင် အသင်းများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ မလေးရှားနှင့် ထိုင်းအသင်းတို့မှ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ Myanmar Brewery Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe က နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ပထမနေ့ပြိုင်ပွဲမှ Kasitdit Lepkurte (ထိုင်း)(၇၁)ချက်၊ ဒုတိယနေ့ ပြိုင်ပွဲမှ သိန်းနိုင်စိုး(မြန်မာ) (၆၈)ချက်၊ တတိယနေ့ပြိုင်ပွဲမှ သိန်းနိုင်စိုး(မြန်မာ) (၆၆)ချက်၊ စတုတ္ထနေ့ ပြိုင်ပွဲမှ Kasitdit Lepkurte (ထိုင်း)၊ Arie Fauzi (မလေးရှား)နှင့် သီဟအောင် (မြန်မာ) (၇၁)ချက်စီတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမှတ်စဉ် ဒသမ မှ ဆဋ္ဌမ အထိရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က အမှတ်စဉ် ပဉ္စမ ရရှိသော Itthipat Buranatanyarat (ထိုင်း) စုစုပေါင်း ရိုက်ချက် (၂၉၂)ချက်၊ စတုတ္ထရရှိသော သီဟအောင် စုစုပေါင်း ရိုက်ချက် (၂၉၂) ချက်၊ တတိယရရှိသော Arie Fauzi (မလေးရှား) စုစုပေါင်းရိုက်ချက် (၂၈၈) ချက်နှင့် ဒုတိယရရှိသော Kasitdit Lepkurte (ထိုင်း) စုစုပေါင်းရိုက်ချက် (၂၈၆) ချက်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Myanmar Brewery Ltd.မန်နေဂျင်းဒါရိုက်တာ Mr. Lim Yew Hoe က လေးရက်ပေါင်း (၁၀)ချက် လျှော့ရိုက်ပြီး စုစုပေါင်း ရိုက်ချက်(၂၇၈) ချက်ဖြင့် ပထမရရှိသော မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက် အားကစားသမား သိန်းနိုင်စိုးအား ဆုချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက ပြိုင်ပွဲ၌ ပထမရရှိသော မြန်မာနိုင်ငံမှ မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အားကစားသမား သိန်းနိုင်စိုးအား Tiger Myanmar Amateur Open Challenge Cup ဆုကို ပေးအပ်ချီးမြှင့်သည်။

Tiger Myanmar Amateur Open Golf Championship 2012 ဂေါက်ရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပရေးအတွက် Co-Sponsors များဖြစ်ကြသော ရန်ကုန်ဂေါက်ကလပ်၊ Alpine Drinking Water၊ 100 Plus (Isotonic Drink) တို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပြီး ပြိုင်ပွဲကို HAN Event Management က တာဝန်ယူ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၁ ရက်ကကျင်းပရာ ကျောင်းအပ်လက်ခံမှုကို ဆရာ ဆရာမများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ဝ၆၅)

ကျေးလက်ကျန်းမာရေးဌာနခွဲ ပင်လောင်း၌ဖွင့်

ပင်လောင်း ဇွန် ၈

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နယ်ခွဲ မွေးပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို မွေးပြင်ကျေးရွာအုပ်စုမှူးရာရွာတွင် ဇွန် ၆ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်အောင်နိုင်ဦး၊ နောင်တရားမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးခွန်ကျော်မိုးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ပြီးစီးသော မွေးပြင်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်ပတ်သက်သောမှတ်တမ်းများကို ဆေးခန်းဆောက်လုပ်ရေးကော်မတီဝင် ဦးခွန်ဆန်းဦးက ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေးက လက်ခံယူသည်။ ထို့နောက် တောင်ကြီး မြို့ညောင်ပင်သာရပ်နေ ဦးထွန်းကျော်နှင့်ဇနီးဒေါ်နန်းခမ်းမူမိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ပတ္တမြားနဂါးသတ္တုတူးဖော်ရေးကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်း၊ ဦးတင်ထွန်းအောင်က ဆေးပဒေသာပင်အလှူငွေကျပ် ၂၇၆၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆေးခန်းအဆောက်အအုံသည် ပေ (၄၀ × ၄၀) အကျယ်ရှိပြီး တစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်ကာ စုစုပေါင်း ၂၃၂၅၅၂၀၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(ကျန်းမာရေး)

◆ *ကျောဖုံးမှ*

နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှူးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကွပ်ကဲ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့်အတွက် အခြေအနေအားလုံးကိုအချိန်မီထိန်းသိမ်းပြီး ဒေသရပ်ရွာ တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်ကင်းဥဒါန်းဇာတ်ကား ရန်ကုန်မြို့ လယ်ရုံများဝင် နိုင်ငံခြားဇာတ်ကားများ ဆက်လက်အောင်ပွဲခံပြသ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇွန် ၈

ယခုတစ်ပတ် သောကြာတွင် ရန်ကုန်မြို့လယ် သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေးရုပ်ရှင်ရုံများ၌ ဒါရိုက်တာဝေမှိုင်းညို ရိုက်ကူးပြီး အကယ်ဒမီဩန့်ဝင်း၊ အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီလူမင်း၊ နိုင်းနိုင်းနှင့် အကယ်ဒမီနန္ဒာလှိုင်တို့ ခေါင်းဆောင် ပါဝင်ထားကြသည့် ***မော်ကင်းဥဒါန်း*** *ဇာတ်ကားရုံဝင်လာသည်။*

ငယ်သူငယ်ချင်းအဖြစ်မှသည် နောက်ပိုင်းတွင် ရန်ဘက်များဖြစ်သွားသောအဘိုးမောင် (ကျော်ဟိန်း)နှင့် ထောင်ကဲဝမ်းနောင် (ဩန့်ဝင်း)တို့၏ ပတ်ဝန်းကျင်သို့ ပင်လယ်ဘက်မှ မျောလာသော အိုမခမ်း (နန္ဒာလှိုင်) ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှ အစ ပြုကာ အဏ္ဏဝါကျော် (နိုင်းနိုင်း)၊ မုန်တိုင်း (လူမင်း)၊ ကျောက်ဆူး (သူထူးစံ)တို့အချစ်ကို အကြောင်းပြု လျက် ညှိုးသူရန်ဘက်များ ဖြစ်သွားကြပုံကို ဒါရိုက်တာက ကျွန်းများ၏ နောက်ခံသဘာဝနှင့်အလှကို ဖော်ကျူးလျက် ရိုက်ကူးထားသည်။

ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် နိုင်ငံခြားဇာတ်ကား ***407 Dark Flight (3D)*** *နှင့် ရွှေ့ဆောင်ရုံတွင်* ***The Avengers*** *ဇာတ်ကားများ ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိကြောင်း ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။* ***(မြန်မာ့အလင်း)***

မော်ကင်းဥဒါန်းဇာတ်ကားမှ သရုပ်ဆောင်ပြကွက်။



မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၈-၆-၂၀၁၂

ကိုလင်း-စုစည်းရေးသားသည်

မြန်မာ့ရိုးရာ အိမ်တော်မင်္ဂလာ တည်ဆောက်မှုပညာများ စာအုပ်ထုတ်ဝေ

ဓမ္မာစရိယ ဦးအောင်ကျော်မိုး ရေးသားသော မြန်မာ့ရိုးရာအိမ်တော်မင်္ဂလာ တည်ဆောက်မှုပညာများ စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် အိမ်နိဒါန်း၊ မြေနေရာ ရွေးချယ်ခြင်း၊ မြေအရောင်ရွေးခြင်း၊ ရက်မြတ်မင်္ဂလာရွေးခြင်း၊ အိမ်နိမိတ်သတ်မှတ်ခြင်း၊ မြေလှန်ခြင်း၊ မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင်မင်္ဂလာ၊ နဂါးလှည့်နှင့် နဂါးကြောဖြတ်နည်း၊ လာဘ်နေအရပ်၊ မင်္ဂလာအချိန်၊ အုတ်မြစ်စီမင်္ဂလာ၊ တိုင်ရွေးချယ်ခြင်း၊ တွင်းစာကျွေးခြင်း၊ တိုင်ထူခြင်း၊ တံခါးပေါက်ရွေးခြင်း၊ တံခါးဖွင့်ပိတ် အသံနိမိတ်၊ လှေကားတပ်ဆင်ခြင်း၊ အိမ်သစ်တက်မင်္ဂလာစသည့်အကြောင်းအရာပေါင်းများစွာ ပါဝင်သည်။ စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇) (ပထမထပ်-ဝဲ) ၃၉ လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၃၉၂၈၃၅၊ ဝ၉-၅ဝ၅၆၈၄၃၊ ဝ၉-၇၃ဝ၅၉၉၃၅ မှ တန်ဖိုးငွေကျပ် ၈ဝဝ ကျပ်ဖြင့် ဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၅၈) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ် (၁၅၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မောင်ပြည့်စွမ်း (ပင်လယ်ဘူး)၊ မောင်သျှင်နှောင်း၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မောင်လွမ်းနိုင် (စပယ်ငုံ)၊ ကောင်းညွန့်ဝေ (ရေစကြို)၊ မင်းမောင်နွယ် (မွန်ဌာနီ)၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ မြတ်ဘုန်း (တပ်ကုန်း) တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ မလေး (မုံရွာ)၊ စစ်ကိုင်းစိမ်းစိမ်း၊ ပျော်ဘွယ်မောင်အေး၊ ပန်းတနော် နောင်လတ်၊ ကောက်ရိုးနွယ် (ရွှေကူ)၊ မိုးညှင်းသစ္စာ၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၊ ပန်းတနော်စောလွင်၊ ရန်နိုင်၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ မွှေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ နိယာမ ဆရာအောင်ကျော်မင်းတို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ကျော်လွင် (စက်မှု)၊ ရွှေဘို ဘာမထီခင်အောင်၊ ကိုဇော်ဝင်း(လှတော)၊ စိုးလွင် (ဝါးခယ်မ)၊ ခင်သန့်စင် (ရေးမြို့)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာ၊ တောဓလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနုခံစားမှု၊ ဗုဒ္ဓစာဥယျာဉ် ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုချင်စဖွယ် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေ တိုက်(၁) အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-ဝ၁-၃၇၄၅၃၂၊ ဝ၉-၇၃၂ဝ၁၉၂၂ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြားသစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-ဝ၉-၇၃၂ဝ၁၉၁၁ တို့တွင် ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

လူ့စိတ်သဘာဝ စာအုပ်ထုတ်ဝေဖြန့်ချိ

ဦးအေးမောင် (ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒကျမ်းပြု)၏ လူ့စိတ်သဘာဝစာအုပ်ကို ဒေါက်တာကျော်စိန်၏ အမှာစာနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဦးအေးမောင်က သူ၏စာအုပ်တွင် မြန်မာစာဖတ်ပရိသတ်အား သမားရိုးကျစိတ်ပညာနည်းမှလွန်၍ သိပ္ပံစိတ်ပညာနယ်သို့ ပို့ဆောင်ရန်ဖြစ်သည်ဟု ဆိုထားသည်။

စာအုပ်တွင် ကြီးပွားရေးစိတ်ပညာစာအုပ်များကို မှီငြမ်းမပြုဘဲ အနောက်နိုင်ငံ စိတ်ပညာရှင်တို့၏ ကျမ်းကြီး ကျမ်းငယ် အမြောက်အမြားကို မှီငြမ်းပြုပါသည်ဟုဆိုကာ သူ၏ကြိုးပမ်းချက်ကို တင်ပြထားပြီး သိပ္ပံနည်းကျ စိတ်ပညာ၊ ကိုယ်ခန္ဓာနှင့် စိတ်၊ ဇာတိစိတ်၊ လူမှုဆက်ဆံရေးဇာတိစိတ်၊ မှတ်သားခြင်းနှင့် မေ့လျော့ခြင်း၊ သင်ယူမှုနှင့် အလေ့အကျင့် စသည့် စာစုများကို ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို တန်ဖိုးငွေကျပ် ၂၅ဝဝ ဖြင့် ရန်အောင်စာပေ ဖုန်း-ဝ၉-၇၃၂၄၃၈၅၁မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

လူတိုင်းအတွက် အိမ်ခြံမြေလမ်းညွှန် စာအုပ်ထုတ်ဝေ

စာရေးဆရာ ဇော်မြင့်ဦး(GEOG) United 45 Real Estate ရေးသားသောလူတိုင်းအတွက် အိမ်ခြံမြေလမ်းညွှန် (ရောင်းနည်း၊ ဝယ်နည်း၊ ငှားရမ်းနည်း၊ အကျိုးဆောင်နည်း) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အိမ်ခြံမြေနှင့် ပတ်သက်သည့် လက်တွေ့အသုံးချနိုင်သော အချက်အလက် ဗဟုသုတများပါဝင်ပြီး အိမ်ခြံမြေအကျိုးဆောင်များအပြင် အိမ်ခြံမြေ ရောင်းဝယ်ငှားသူများပါ လမ်းညွှန်စာအုပ်အဖြစ် လက်ကိုင်ထားနိုင်စေရန် ရည်ရွယ်ရေးသားထားသည်။ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ လွတ်လပ်ရေးရပြီး ဖဆပလအုပ်ချုပ်ရေးခေတ်ကာလ ဒေသန္တရအုပ်ချုပ်ရေးနှင့် မြေယာကဏ္ဍ၊ မြေအမျိုးအစားများ၊ အိမ်ခြံမြေရောင်းချနည်း၊ အိမ်ခြံမြေဝယ်ယူနည်း၊ စာချုပ်စာတမ်းရေးသားချုပ်ဆိုခြင်းနှင့် နမူနာပုံစံများ စသည်ဖြင့် အိမ်ခြံမြေနှင့် ပတ်သက်၍ လူတိုင်း သိသင့်သည့်အချက်များ ပါဝင်သည်။ စာအုပ်ကို အလင်းသစ်စာပေ၊ အမှတ်(၁၇) အခန်း-၆ဝ၁ ၅၂လမ်း (အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-ဝ၉-၅၄ဝဝ၃ဝ၂ မှတစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃ဝဝဝ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

အဆိုတော်ကယ်ရီအန်ဒါဝုဒ် စီအမ်တီဂီတဆုနှစ်ဆုဆွတ်ခူး

နက်ရှ်ဗီလီ ဇွန် ၈

ကန်းထရီးအဆိုတော် ကယ်ရီအန်ဒါဝုဒ်ဟာ အမေရိကန်နိုင်ငံ နက်ရှ်ဗီလီမြို့မှာ ဇွန် ၇ ရက်က ကျင်းပတဲ့ စီအမ်တီတေးဂီတဆု (CMT Music Award) ပေးပွဲမှာ အမြင့်မားဆုံးဂီတဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ **(ယာပုံ)**

အဆိုတော် ကယ်ရီအန်ဒါဝုဒ်ဟာ ဒီဆုကိုခြောက်နှစ်အတွင်းမှာ တတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။ အမေရိကန်အိုင်ဒေါလ်ဆုရခဲ့တဲ့ အဆိုတော် ကယ်ရီအန်ဒါဝုဒ်ဟာ သူမရဲ့ Good Girl လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုဆု (Video of the year) ဆုကို ဆွတ်ခူးရခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူမဟာ အဆိုတော် ဘရက်ပရက်စလေနဲ့ နှစ်ယောက်တွဲသီဆိုတဲ့ Remind Me လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ (Collaborative Video of the year) ဆုကိုပါ ဆွတ်ခူးရရှိခဲ့ပါတယ်။

အခြားဆုရတဲ့သူတွေထဲမှာ မရင်ဒါလမ်းဘတ်၊ လေဒီအန်တီဘယ်လန်နဲ့ လူကေးဘရိုင်ယန်တို့လည်း ပါဝင်ပါတယ်။ အဆိုတော်ဘရိုင်ယန်ကတော့ I Don't Want this Night to End လို့အမည်ရတဲ့ သီချင်းနဲ့ တစ်နှစ်တာအကောင်းဆုံး အမျိုးသားတေးသံရှင်ဆု ဆွတ်ခူးခဲ့ပါတယ်။ အဆိုတော်မရင်ဒါလမ်းဘတ်ကတော့ Over you လို့အမည်ရတဲ့တေးအယ်လ်ဘမ်နဲ့ အမျိုးသမီးဗီဒီယိုအကောင်းဆုံးဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ **(အင်တာနက်)**

ဦးနှောက်အကျိတ်ဖြစ်နေပေမယ့် မစိုးရိမ်ဘူးလို့ပြောတဲ့ အဆိုတော် ရှယ်ရီခရိုး

လော့စ်အိန်ဂျလိစ် ဇွန် ၈

ပြီးခဲ့တဲ့နှစ်က ဦးနှောက်အကျိတ်ဖြစ်နေတဲ့ တေးရေးတေးဆို အဆိုတော်ရှယ်ရီခရိုးက ဒီအတွက်နဲ့ မစိုးရိမ်ပါဘူးလို့ လက်စ်ဗီးဂတ်စ် ရီဗျူးဂျာနယ်သို့ ပြောကြားလိုက်ပါတယ်။ *(ဝဲပုံ)*

အဆိုတော် ရှယ်ရီခရိုးဟာ All I Wanna Do လို့အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ Soak up the Sun လို့အမည်ရတဲ့ တေးအယ်လ်ဘမ်တွေနဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ အဆိုတော်ဖြစ်ပါတယ်။ သူမဟာ ဦးနှောက်မှာအကျိတ်တွေ့ရှိခဲ့ပြီးနောက် ဆေးရုံတက်ရောက်ကုသခဲ့ပါတယ်။ ယခုအခါမှာတော့ အဆိုတော်ရှယ်ရီခရိုးဟာ ပုံမှန်ကျန်းမာရေးကောင်းလာပြီး စိုးရိမ်စရာမရှိတော့ဘူးလို့ဆိုပါတယ်။

"ကျွန်မ ဒီအကြောင်းနဲ့ပတ်သက်ပြီး တကယ်ပဲပြောစရာအကြောင်း မရှိတော့ပါဘူး။ ပြီးခဲ့တဲ့ နို့ဝင်ဘာလတုန်းက ဦးနှောက်မှာအကျိတ်ဖြစ်တာ တွေ့ရပါတယ်။ ဒါပေမယ့် ကုသပြီးသွားပါပြီ" လို့ အဆိုတော် ရှယ်ရီခရိုးက ညကလပ်နဲ့ ဖျော်ဖြေရေးသတင်းထောက် ဒေါက်အယ်လ်မန်းနဲ့ တွေ့ဆုံစဉ်ပြောကြားခဲ့ပါတယ်။ သူမဟာ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့နဲ့ အမေရိကန်နိုင်ငံ ဖလော်ရီဒါမှာ ဆက်လက်ဖျော်ဖြေလျက်ရှိပါတယ်။ *(အင်တာနက်)*

ကောင်းမြတ်သူ – ရေးသားသည်

ပရိသတ်အများဆုံးရှိတဲ့ အဆိုတော် လေဒီဂါဂါ

လော့စ်အိန်ဂျလိစ် ဇွန် ၈

ကမ္ဘာကျော်အဆိုတော် လေဒီဂါဂါဟာ ဇွန် ၇ ရက်က တွစ်တာဝက်ဘ်ဆိုက်မှာ ပရိသတ်အများဆုံး ကြည့်ရှုခံရတဲ့ ပထမဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့ပါတယ်။ လေဒီဂါဂါရဲ့ သီချင်းများ၊ ဓာတ်ပုံများ တွစ်တာဝက်ဘ်ဆိုက်မှာ ထုတ်လွှင့်ထားရာ ပရိသတ်တွေရဲ့ အကြည့်အများဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့တယ်လို့ဆိုပါတယ်။ ***(ယာပုံ)***

ရေးသားဖော်ပြ

အဆိုတော်လေဒီဂါဂါကို ဇွန် ၁ ရက်က တွစ်တာဝက်ဘ်ဆိုက်မှ ကြည့်ရှုသူ ပရိသတ်အရေအတွက်မှာ အံ့မခန်းပါပဲ၊ စုစုပေါင်း ပရိသတ် ၂၅ သန်းအထိ ရှိခဲ့ပါတယ်။ အဲဒီနေ့တုန်းက အဆိုတော် လေဒီဂါဂါက "ကျွန်မဟာ ဒီနေ့ဒီအချိန်မှာ ကမ္ဘာ့ကံအကောင်းဆုံး မိန်းကလေးလို့ ကိုယ့်ကိုယ်ကို အောက်မေ့မိပါတယ်"လို့ တွစ်တာမှတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။ အသက် ၂၆နှစ် အရွယ်သာရှိသေးတဲ့ အဆိုတော်လေဒီဂါဂါဟာ အဆိုတော် ဂျပ်စတင်ဘီဘာထက် ပရိသတ်နှစ်သန်းခွဲပိုခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ဂျပ်စတင်ဘီဘာကို ကြည့်တဲ့ပရိသတ်က ၂၂ ဒသမ ၅ သန်းပဲ ရှိပါတယ်။

ဆွဲဆောင်မှုအရှိဆုံး

လေဒီဂါဂါဟာ အကျော်ကြားဆုံး ပေါ့ပ်အဆိုတော် ရှစ်ဦးရှိတဲ့အနက် တွစ်တာမှတစ်ဆင့် ကြည့်ရှုသူ ပရိသတ်အများဆုံး ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူမဟာ ထူးထူးဆန်းဆန်း ဝတ်ဆင်ပြတတ်တဲ့စတိုင်များကြောင့် ပရိသတ်တွေကို ဆွဲဆောင်မှုအရှိဆုံး ဖြစ်ခဲ့ပါတယ်။ ***(အင်တာနက်)***

ကမ္ဘာ့ဘော်လီဘော လက်ရည်စစ်ပြိုင်ပွဲ တရုတ်၊ အီရန်၊ တောင်ကိုရီးယားတို့နိုင်ပွဲရ

တိုကျို ဇွန် ၈

ကမ္ဘာ့ဘော်လီဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် လန်ဒန်အိုလံပစ်အားကစားပွဲအတွက် လက်ရည်စစ်ပွဲများကို ဇွန် ၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆက်လက်ကျင်းပသည်။

ပထမပွဲစဉ်၌ တရုတ်အမျိုးသားဘော်လီဘောအသင်းနှင့် အိမ်ရှင်ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက ဂျပန်အသင်းအား သုံးပွဲ-တစ်ပွဲဖြင့် နိုင်ပွဲရရှိခဲ့သည်။ တရုတ်အသင်းသည် ဂျပန်အသင်းအား ၂၅-၁၉၊ ၂၅-၂၇၊ ၂၅-၁၈၊ ၂၅-၁၈ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ထို့အတူ တောင်ကိုရီးယားနှင့် ဗင်နီဇွဲလားအသင်းတို့ပွဲတွင် တောင်ကိုရီးယားအသင်းက သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ဗင်နီဇွဲလားအသင်းအား ၂၇-၂၅၊ ၂၅-၂၂၊ ၂၅-၁၅တို့ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဆားဘီးယားနှင့်ဩစတြေးလျတို့ပွဲတွင် ဆားဘီးယား အမျိုးသားဘော်လီဘောအသင်းက သုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ဆားဘီးယားအသင်းသည် ဩစတြေးလျအသင်းအား ၂၅-၁၈၊ ၂၅-၁၉၊ ၂၅-၁၈တို့ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အီရန်အမျိုးသားဘော်လီဘောအသင်းနှင့် ပွာတိုရီကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အီရန်အသင်းက သုံးပွဲ-တစ်ပွဲဖြင့်အနိုင်ရရှိခဲ့သည်။ အီရန်အသင်းသည် ပွာတိုရီကိုအသင်းအား ၂၆-၂၄၊ ၂၅-၁၆၊ ၂၂-၂၅၊ ၂၅-၂၀ တို့ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်၌ ပြိုင်ပွဲဝင်အမျိုးသား ဘော်လီဘောအသင်းများ၏ အနေအထားမှာ ဆားဘီးယားက လေးပွဲကစား၊ လေးပွဲနိုင်ပြီး ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဩစတြေးလျမှာ လေးပွဲကစား၊ သုံးပွဲနိုင်ပြီး ကိုးမှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသည်။

အီရန်အသင်းမှာ ရှစ်မှတ်ဖြင့်တတိယ၊ တရုတ်အသင်းမှာ ခုနစ်မှတ်ဖြင့် စတုတ္ထ၊ ဂျပန်အသင်းမှာ ငါးမှတ်ဖြင့်ပဥ္စမ၊ တောင်ကိုရီးယားအသင်းမှာ လေးမှတ်ဖြင့် ဆဋ္ဌမ၊ ဗင်နီဇွဲလားအသင်းမှာ သုံးမှတ်ဖြင့် သတ္တမနှင့် ပွာတိုရီကိုအသင်းမှာ တစ်မှတ်မျှမရရှိသေးဘဲ အဋ္ဌမနေရာ၌ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

ပြင်သစ်ရေကူးမယ် ဖူမက် မီတာ ၂၀၀ တွင် စံချိန်တင်

ပါရီ ဇွန် ၈

ပြင်သစ်နိုင်ငံ ဒန်ကစ်မြို့၌ ကျင်းပလျက်ရှိသည့် ပြင်သစ်ချန်ပီယံရှစ်ရေကူးပြိုင်ပွဲကို ဇွန် ၇ ရက်က ယှဉ်ပြိုင်ရာ အမျိုးသမီးမီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ ပြင်သစ်ရေကူးတင်းနစ်မယ် မူဖက်က ဗိုလ်စွဲခဲ့သည်။

မူဖက်သည် မီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ ၁ မိနစ် ၅၄ ဒသမ ၆၆ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းစံချိန်သည် ပြင်သစ်နိုင်ငံ၏ မီတာ ၂၀၀ ရေကူးစံချိန်သစ်လည်းဖြစ်သည်။ ယခင်က သူမတင်ထားခဲ့သော စံချိန်မှာ မီတာ ၂၀၀ စိတ်ကြိုက်ရေကူးကို ၁ မိနစ် ၅၄ ဒသမ ၈၇ စက္ကန့်ဖြစ်သည်။ မူဖက်သည် ယခုပြိုင်ပွဲ၌ စံချိန်တင်အနိုင်ရရှိခဲ့သဖြင့် လာမည့်လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ မီတာ ၂၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရန် ရေပန်းစားလာပြီဖြစ်သည်။ ရေကူးမယ်မူဖက်သည် ပြိုင်ဘက် ပြင်သစ်ရေကူးမယ် မရီနိစတမ်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။ မာရီနိစတမ်သည် မီတာ ၂၀၀ကို ၁ မိနစ် ၅၄ ဒသမ ၆၈ စက္ကန့်ဖြင့် ရေကူးထားသည်။ *(အင်တာနက်)*

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ရှာရာပိုဗာနှင့် အာရာနီတို့ယှဉ်ပြိုင်မည်

ပါရီ ဇွန် ၈

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ပါရီမြို့၌ ဇွန် ၈ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင် ဆာရာအာရာနီက စတိုဆာကို အနိုင်ကစားပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်ခဲ့ပြီဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲ၌ ရှာရာပိုဗာနှင့် ရင်ဆိုင်တွေ့ကြမည်ဖြစ်သည်။

အီတလီတင်းနစ်မယ် ဆာရာအာရာနီသည် ဩစတြေးလျတင်းနစ်မယ် စတိုဆာအား ၇-၅၊ ၁-၆၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့် ၂၁ ရှိသော ဆာရာအာရာနီသည် ကမ္ဘာ့အဆင့်ခြောက်ဖြစ်သည့် စတိုဆာအား အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ထို့အတူ နောက်ထပ်အကြိုဗိုလ်လုပွဲအဖြစ် ရှာရာပိုဗာနှင့် ဇစ်တိုဗာတို့ပွဲတွင် ရုရှားတင်းနစ်မယ် ရှာရာပိုဗာက ၆-၃၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့အဆင့်နှစ် ရှာရာပိုဗာသည် ချက်တင်းနစ်မယ် ဇစ်တိုဗာအား အများအယွင်းနည်းစွာ ကစားနိုင်ခဲ့၍ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ၂၀၀၄ ခုနှစ် ဝင်ဘယ်ဒန်၊ ၂၀၀၆ ခုနှစ် ယူအက်စ်အိုးပင်းနှင့် ၂၀၀၈ ခုနှစ် ဩစတြေးလျအိုးပင်းချန်ပီယံဆုများရရှိခဲ့သူဖြစ်သည်။ ရှာရာပိုဗာနှင့် ဆာရာအာရာနီတို့သည် ဇွန် ၉ ရက်(ယနေ့)*၌ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကြမည်ဖြစ်သည်။* ***(အင်တာနက်)***

အော်စလိုဒိုင်းမွန်းလိဂ်တွင် အူစိန်ဘော့ မီတာ ၁၀၀၌ဗိုလ်စွဲ

အော့စလို ဇွန် ၈

နော်ဝေနိုင်ငံ အော့စလိုမြို့၌ ဇွန် ၇ ရက်က ကျင်းပသည့် အော်စလိုဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ဂျမေကာအပြေးသမား အူစိန်ဘော့ ထပ်မံဗိုလ်စွဲခဲ့ကြောင်း ဇွန် ၈ ရက်က သတင်းထုတ်ပြန်သည်။

ပန်းဝင်

ဂျမေကာအပြေးသမား အူစိန်ဘော့ **(ဝဲစွန်ပုံ)**သည် မီတာ ၁၀၀ ကို ၉ ဒသမ ၇၉ စက္ကန့်ဖြင့်ပြေးကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အူစိန်ဘော့သည် ဒုတိယနေရာမှ ပိုဝဲလ်ထက် ၀ ဒသမ ၀၆ စက္ကန့်အသာဖြင့် နောက်ဆုံး ပန်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ နောက်ထပ်ဂျမေကာအပြေးသမားလီရွှန်ကလက်က ၁၀ ဒသမ ၁၀ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့သည်။ လက်ရှိနှုန်းအတိုင်းသာ အူစိန်ဘော့ပြေးနိုင်ပါက ၎င်း၏ကမ္ဘာ့အမြန်ဆုံးလူသားဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ သုံးထပ်ကွမ်းအိုလံပစ်ချန်ပီယံအူစိန်ဘော့သည် ယခုနှစ်၌ သူ၏အကောင်းဆုံးစံချိန်ဖြစ်သော်လည်း မီတာ ၁၀၀ ကို ၉ ဒသမ ၆၅ စက္ကန့်ဖြင့် ပြေးနိုင်ရန်အတွက် ကြိုးစားမည်ဖြစ်ပြီး လန်ဒန်အိုလံပစ်၌ ကမ္ဘာ့စံချိန်ထပ်မံချိုးမည်ဖြစ်ကြောင်း အူစိန်ဘော့က ပြောကြားသည်။ **(အင်တာနက်)**

ခရီးသည်များ မျှော်လင့်တောင့်တနေကြသော **မိတ္ထီလာ၊ မန္တလေး၊ လားရှိုး၊ မူဆယ်** ခရီးစဉ်ကို **မူဆယ်သူ** အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းမှ တိုးချဲ့ပြေးဆွဲလိုက်ပါသည်။

ဝန်ဆောင်မှုအပြည့်အဝဖြင့် ခရီးသည်များ သက်သောင့်သက်သာစွာ လိုက်ပါစီးနင်းနိုင်ရန်အတွက် မှန်လုံလေအိတ်ကားကြီးများဖြင့် အချိန်မှန် ပြေးဆွဲမည်ဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးအပ်ပါသည်။

မိတ္ထီလာမြို့မှ ညနေ ၄း၀၀ နာရီ၊ **မူဆယ်မြို့**မှ မွန်းတည့် ၁၂း၀၀နာရီအချိန်တွင် ထွက်ခွာပါမည်။

အသင်းဝင်လိုသည့် မော်တော်ယာဉ်များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စတင်ထွက်ခွာမည့်ရက်ကို ထပ်မံကြေညာပါမည်။

ဖုန်း-၀၉-၆၈၁၄၃၉၄

အမည်ပြောင်း ဦးနေမျိုးထွန်း၏သား အထက(၁)၊ မြောင်းမြ၊ ပထမတန်း(B)မှ မောင်ဟိန်းထက်ဇော်အား မောင်မြတ်ကောင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ကောင်းထက်**

ဖခင်အမည်မှန် မြောက်ဥက္ကလာပမြို့နယ် အထက (၂) တက္ကသိုလ်ဝင်တန်း(K)မှ မောင်နေထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်အုန်း ဖြစ်ပါသည်။ **ဦးမောင်အုန်း**





အမည်ပြောင်း

မော်လမြိုင်မြို့ အထက(၁၂) မြိုင်သာယာ တက္ကသိုလ်ဝင်တန်း(A)မှ ဦးကျော်မြင့်ဦး၏သမီး မအေးလွင်ဦးအား မအေးနွယ်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၂) မြိုင်သာယာ တက္ကသိုလ်ဝင်တန်း(A)မှ မအေးနွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ဦး MME-၆၅၀၇၇၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၂) မြိုင်သာယာ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စစ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ၁၂/ရကန(နိုင်)၀၂၆၈၂၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မော်လမြိုင်မြို့ အထက(၁၂) မြိုင်သာယာ တက္ကသိုလ်ဝင်တန်း(B)မှ မောင်အောင်ဆန်းလင်း၏ဖခင်အမည်မှန်မှာ ဦးသောင်းစိန် ၁၀/ရမန(နိုင်) ၀၅၉၄၉၀ ဖြစ်ပါကြောင်း။

ပျောက်ဆုံး

ကိုအောင်ထွန်းဦး၏ ပတ်စ်ပို့ A-310893 ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

အလိမ္မာ စာမှာရှိ

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများကုမ္ပဏီလီမိတက်ပိုင်

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာ မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၂၄၉၊ (2B,5B,6B,7B ထပ်)၊ ဗားဂရာလမ်းမကြီး } ကပ်လျက်တိုက်
အမှတ် ၂၅၁၊ (3A,6B,7B ထပ်)၊ ဗားဂရာလမ်းမကြီး
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
[မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး]
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀
(Open 7:00 am to 7:00pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြုအောင်လက်မှတ် ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေကားဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး အမှတ် (၂၄၉) 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေ ကန့်သတ်ထားပါသည်။

"အောင်"ပြီး "ချမ်းမြေ့"မှုတွေရရှိရန် "အောင်ချမ်းမြေ့"ကို လာခဲ့ပါ။

(I) တစ်လပြတ်အထူး(တစ်ပတ်ငါးရက်)

ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ (တနင်္လာနေ့မှ သောကြာနေ့အထိ)

စဉ် (၂၁၅၆) ၂-၇-၂၀၁၂	စဉ် (၂၁၅၉) ၉-၇-၂၀၁၂
စဉ် (၂၁၅၇) ၄-၇-၂၀၁၂	စဉ် (၂၁၆၀) ၁၁-၇-၂၀၁၂
စဉ် (၂၁၅၈) ၅-၇-၂၀၁၂	စဉ် (၂၁၆၁) ၁၂-၇-၂၀၁၂

(II) နှစ်လပြတ်အထူး(တစ်ပတ်နှစ်ရက်)

ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

စဉ် (၂၁၆၂) ၂၃-၆-၂၀၁၂ (Sat & Sun)	စဉ် (၂၁၆၅) ၃-၇-၂၀၁၂ (Tue & Wed)
စဉ် (၂၁၆၃) ၃၀-၆-၂၀၁၂ (Sat & Sun)	စဉ် (၂၁၆၆) ၅-၇-၂၀၁၂ (Thur & Fri)
စဉ် (၂၁၆၄) ၇-၇-၂၀၁၂ (Sat & Sun)	စဉ် (၂၁၆၇) ၁၀-၇-၂၀၁၂ (Tue & Wed)
	စဉ် (၂၁၆၈) ၁၂-၇-၂၀၁၂ (Thur & Fri)

(III)သုံးလပြတ်အထူး (တစ်ပတ်တစ်ရက်)

ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

စဉ် (၂၁၆၉) ၂၃-၆-၂၀၁၂(Sat)	စဉ် (၂၁၇၁) ၃၀-၆-၂၀၁၂(Sat)
စဉ် (၂၁၇၀) ၂၄-၆-၂၀၁၂(Sun)	စဉ် (၂၁၇၂) ၁-၇-၂၀၁၂ (Sun)

(IV) နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ

(တနင်္လာမှ သောကြာနေ့အထိ)

(I) သုံးလ၊ (II) ခြောက်လ၊ (III)တစ်နှစ်၊ (IV)နှစ်နှစ်၊ (V)သုံးနှစ်

စဉ် (၂၁၇၃) ၂၈-၆-၂၀၁၂	စဉ် (၂၁၇၅) ၅-၇-၂၀၁၂
စဉ် (၂၁၇၄) ၃-၇-၂၀၁၂	စဉ် (၂၁၇၆) ၁၀-၇-၂၀၁၂

(V) သားဖွားမီးယပ်(၃)လ ဒီပလိုမာ

(Sat, Sun, Mon, Tue, Wed)

စဉ် (၂၁၇၇) ၉-၇-၂၀၁၂	စဉ် (၂၁၇၈) ၁၆-၇-၂၀၁၂

သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ

(I) 8:00 am to 11:00 am	(IV) 01:00 pm to 04:00 pm
(II) 9:00 am to 12:00 pm	(V) 05:30 pm to 07:30 pm
(III) 11:00 am to 02:00 pm	

စိန်နန်းတော်

Diamond City
JEWELLERY

+ MP3
+ EDVD
+ GSM Hand Set

Taw Win Shopping Mall

Hire Purchase System

GIA Certificate စိန်များလည်း ရရှိနိုင်ပါသည်။

မိုးရာသီ
စိန်အရောင်းပွဲတော်
ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂၈၊မြေကွက်အမှတ်၁၅၂၊မြေကွက်တည်နေရာအမှတ်၁၅၂၊သီရိမင်္ဂလာလမ်း၊ရွှေပြည်သာမြို့နယ်၊ဦးကျော်မြင့်အမည်ပေါက်နှစ်၆၀ဂရန်မြေအားအမည်ပေါက် ဦးကျော်မြင့်(ဖခင်)နှင့် ဒေါ်စမ်းစမ်းမြင့်(မိခင်)တို့ကွယ်လွန်သဖြင့်တစ်ဦးတည်းသောသမီး ဒေါ်ဥမ္မာကျော် ၁၂/ကမရ(နိုင်)၀၂၄၅၁၈က တစ်ဦးတည်းသောသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာသုံးစောင်၊ သေစာရင်းမိတ္တူနှင့် မှတ်ပုံတင်မိတ္တူတို့ကိုတင်ပြကာပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝါဝါဝင်းဆောက်လုပ်ရေး

အမွေစားအမွေခံများ၊ တရားဝင်ဆက်ခံသူများနှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ စက်မှုဇုန်အပိုင်း(၅)ရှိ မြေကွက်အမှတ်(A1 to A14)၁၄ကွက်၊(B1 to B14) ၁၄ကွက်၊ (C1 to C12) ၁၂ကွက်၊ မြေကွက်အမှတ် (1C, 2,3, 4,5,6,23,24,25,26,27,28)၁၂ကွက်၊ H-Block ၄၀ဒသမ၂၇ဧကရှိ မြေကွက်တစ်ကွက်၊ မြေကွက်အမှတ်(၈)၊ ပေ(၂၃၀×၃၅၅)တစ်ကွက်၊ မြစိမ်းရောင်အိမ်ရာမှ မြေတိုင်းရပ်ကွက်အမှတ်(1B)၊ မြေကွက်အမှတ်(၂၀၄)၊ ၃ဒသမ၉၂၇ဧကရှိမြေကွက်တစ်ကွက်၊ မြေကွက်အမှတ်(၂၀၅)၊ ၃ဒသမ၁၄၃ဧကရှိမြေကွက်တစ်ကွက်နှင့် သာကေတမြို့နယ်၊ မြစ္စာညို အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇)ရှိ မြေကွက်အမှတ် (71-A1)၊ (71-A2)၊ (71-A3)၊ (71-A4)၊ ဧရိယာ၉၈ဒသမ၀၈၁ဧကရှိ မြေကွက်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသော ဝါဝါဝင်းဆောက်လုပ်ရေးထံမှ တရားဝင်စာချုပ်စာတမ်းများချုပ်ဆို၍ မြေတန်ဖိုးအပြေအကျေပေးချေကာ ဒေါ်မာလာဝင်း ၁၂/သဃက(နိုင်)၀၄၂၅၃၈ က လက်ဝယ်ပိုင်ဆိုင်ထားရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါရှိပြီး ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်ကန့်ကွက်နိုင်ကြောင်း ဝါဝါဝင်းဆောက်လုပ်ရေးအမွေစားအမွေခံများ၊ တရားဝင်ဆက်ခံသူများနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာလာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူသင်းသွယ်	**ဦးတင်အေး (ရေတာရှည်)**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
LL.B, D.B.L, D.M.L,	**H.G.P, LL.B, D.B.L**
DLP-WIPO(Switzerland)	

ရုံး-အမှတ်(၅၈၉-၅၉၂)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၄၅၁၇၈၊ ၆၄၅၁၇၉၊ ၆၄၅၁၈၀၊ ၆၄၅၁၈၁၊ ၆၄၅၁၈၂၊ ၀၉-၄၂၀၀၈၇၃၄၀
အိမ်-အမှတ် ၃၅၊ ဝေဘာဂီလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၉၇၇၃၊ ၀၁-၆၉၂၀၄၃၊ ၀၉-၄၂၀၀၈၇၃၄၀

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁ဂျေ၊မြေကွက်အမှတ် V.၇၊ မြေကွက်တည်နေရာ အမှတ်၂၃၊ ဝတ်ကျောင်းလမ်း၊ရေကျော်ရပ်ကွက်၊ ကိုပါကြီး၊ မသန်းသန်းနှင့် မစန်းစန်း အမည်ပေါက်နှစ်၉၀မြေငှား စာချုပ်ဂရန်မြေအား စွန့်လွှတ်စာချုပ်အမှတ် (၁၉၈၇/၁၉၆၃)ဖြင့် ဒေါ်သန်းသန်းနှင့်ဒေါ်စန်းစန်းမှပိုင်ဆိုင်ပြီး၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၀၄/၁၉၇၄)ဖြင့် ဦးထွန်းရင်၊ဒေါ်စိန်ရင်၊ဒေါ်ဖြူဖြူတို့ကပိုင်ဆိုင်လာပါသည်။ ထို့နောက် အမှားပြင်စာချုပ်အမှတ်(၁၂၁/၁၉၇၇) နှင့်စွန့်လွှတ်စာချုပ်အမှတ်(၁၂၂/၁၉၇၇) ဦးထွန်းရင်၊ ဒေါ်စိန်ရင်မှ ပိုင်ဆိုင်ပြီး ဒေါ်စိန်ရင်(အပျိုကြီးဘ၀) ကွယ်လွန်သဖြင့် ဒေါ်ဖြူဖြူပုလဲ ၁၂/ပဇတ(နိုင်)၀၃၁၃၃၉က ကိုတ္တိမမွေးစားစာချုပ် အမှတ် (၁၃၁/၁၉၈၉)ဖြင့် သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်စိန်ရင်၏ပိုင်ဆိုင်ခွင့်အစုကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄ဘီ၊ မြေကွက်အမှတ် ၃၆၅၊ မြေကွက်တည်နေရာအမှတ်၁၂၊ ၉လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးကျော်သိန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဖခင်ဦးကျော်သိန်း၊ မိခင်ဒေါ်ခင်ကြွယ်ကွယ်လွန်သဖြင့်(၁)ဒေါ်အေးအေးမော်၁၂/မဂတ(နိုင်)၀၅၃၈၈၂၊ (၂)ဦးမျိုးအောင် ၁၂/မဂတ(နိုင်)၀၆၄၆၁၆၊(၃)ဒေါ်အေးအေးခိုင်၉/မလန(နိုင်)၀၀၀၈၁၉၊ (၄)ဦးအောင်သိုက်ထွန်း၁၂/မဂတ(နိုင်)၀၇၁၄၀၄၊(၅)ဦးလှမင်းထွန်း ၁၂/မဂတ(နိုင်)၀၇၄၄၀၈ တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊ မြေကွက်အမှတ် ၄၀၄၊မြေကွက်တည်နေရာ၄၀၄၊ပိတောက် ၇လမ်း၊ လှိုင်သာယာမြို့နယ်၊ ဦးပြေ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးပြေထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးတင့် ၆/ထဝန(နိုင်)၀၉၂၂၆၁က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာတင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊အခွန်ဌာနကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းရှိ သဇင်ဆောင် အခန်းအမှတ်၅၏ ဆိုင်ပိုင်ရှင် အမည်ပေါက် ဒေါ်ဝင်းသီတာမှ ဒေါ်သန်းသန်းမြင့် ၁၂/တမန(နိုင်)၁၆၇၇၄၂သို့ ပိုင်ရှင်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်သန်းသန်းမြင့်
၁၂/တမန(နိုင်) ၁၆၇၇၄၂



[illegible]

[illegible]

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Earth Group of Companies လက်အောက်ရှိ လျှပ်စစ်နှင့်အီလက်ထရွန်နစ် အစိတ်အပိုင်းများ ထုတ်လုပ်သောစက်ရုံတွင် ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါ အလုပ်နေရာများ လျှောက်ထားနိုင်ပါသည်။

(၁) **Engineer** - ၃ နေရာ
- B.E (Mech/EP/EC)
- လုပ်ငန်းအတွေ့အကြုံ (၁-၂)နှစ်ရှိရမည်။
- အသက်(၂၅-၃၅)နှစ်အတွင်း ဖြစ်ရမည်။
- အင်္ဂလိပ်စာရေးသား ပြောဆိုနိုင်ရမည်။
- 2D/ 3D ကွန်ပျူတာ CAD အသုံးပြုနိုင်ရမည်။

(၂) **Administration Manager** - ၃ နေရာ
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။
- အသက်(၄၀-၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အင်္ဂလိပ်စာရေးသားပြောဆိုနိုင်ပြီး Microsoft Office Appliction အသုံးပြုနိုင်သူဖြစ်ရမည်။

(၃) **QA Manager** - ၃ နေရာ
- B.E (Chem;/EP/EC)
- ISO 9001, ISO 14000, OHSAS 18000 အတွေ့အကြုံရှိလျှင် ဦးစားပေးစဉ်းစားပါမည်။
- လုပ်ငန်းအတွေ့အကြုံ (၈-၁၀)နှစ် ရှိရမည်။
- အသက်(၃၅-၄၅) နှစ်အတွင်းဖြစ်ရမည်။

(၄) **QC Manager** - ၃ နေရာ
- B.E (Chem;/ Electronics Engineering)
- လုပ်ငန်းအတွေ့အကြုံ ၅ နှစ်ရှိရမည်။
- ISO 9001,ISO 14001/TS 16949 အတွေ့အကြုံရှိလျှင် ဦးစားပေးရွေးချယ်ပါမည်။
- အသက်(၃၀-၄၅)နှစ်အတွင်း ဖြစ်ရမည်။

(၅) **Operators** - ၄၀၀၀ နေရာ
- အနိမ့်ဆုံး အခြေခံပညာအလယ်တန်းအောင်မြင်ပြီး၍ အသက် ၁၈နှစ်ပြည့်ပြီးသူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊ဓာတ်ပုံနှစ်ပုံအလုပ်သမားမှတ်ပုံတင်ပူးတွဲ၍ ၁၅-၆-၂၀၁၂ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါလိပ်စာသို့ပေးပို့လျှောက်ထားနိုင်ပါသည်။လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားပါမည်။(ပဏာမရွေးချယ်ခြင်းမခံရသူများထံသို့ လူတွေ့စစ်ဆေးရန် အကြောင်းပြန်ကြားမည်မဟုတ်ပါ။)

အမှတ်စဉ် (၁)၊ (၂)၊ (၃)၊ (၄)နေရာများအတွက်
Earth Group of Companies
အမှတ်-၅၃/၅၄၊ ပြည်လမ်း၊
(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၆၆၁၂၂၂၊ ၆၅၂၇၃၀၊ ၆၅၁၆၉၆၊

အမှတ်စဉ်(၅)နေရာအတွက်
Earth Factory (1)
အမှတ်၄၇၅၊ ယောက်ကော်လမ်း၊
(၂၃)ရပ်ကွက်၊ စက်မှုဇုန်(၁)၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်
ဖုန်း-၅၉၁၁၁၀၊၅၉၁၅၁၃၊ ၅၉၀၉၃၂

လျှပ်စစ်မီးလှူဒါန်းနိုင်ပါသည်

တစ်ခေတ်တစ်ခါ တစ်ပါးသော ထူးခြားစွာပေါ်ထွန်းတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲကြီး၌ ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ်သော ဉာဏ်ပညာအလင်းရောင် ဘဝတစ်လျှောက်လုံးဖြန့်ဝေပေးတော်မူခဲ့သည့် ဓမ္မအလင်းရောင်များကို ပူဇော်သည့်အနေဖြင့် ဆရာတော်ကြီး၏သားတပည့် တိပိဋကဓရဆရာတော်များ ဦးဆောင်၍ မင်းကွန်းကျေးရွာမှ မင်းကွန်းတောင်ရိုးအထိ တောင်ရိုးတက်လမ်း တစ်လျှောက် လမ်းမီးဓာတ်တိုင်များ စိုက်ထူကာ အမြဲထာဝရအလင်းပေးကြမည့် လမ်းမီးဒါနပြုလုပ်ကြမည်ဖြစ်ပါသဖြင့် ဘဝသံသရာဉာဏ်ပညာထူးချွန်လိုသူများ တိပိဋကဓရဆရာတော်များနှင့်အတူ ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

လှူဒါန်းဖွယ်ရာများ

၁။ (၈)မီတာကွန်ကရစ်တိုင်တစ်လုံး	ကျပ်	၁၀၀၀၀၀
၂။ သံလက်တန်းတစ်စုံ	ကျပ်	၂၀၀၀၀
၃။ (၂၅)မီလီမီတာ အလူမီနီယံကြိုး(၁)ပိဿာ	ကျပ်	၅၀၀၀
၄။ လေးပေမီးချောင်းတစ်စုံလျှင်	ကျပ်	၈၀၀၀
၅။ မိန်းဘရိတ်ကာတစ်လုံး	ကျပ်	၁၀၀၀၀
၆။ ဝိုင်ယာကြိုးခွေ(၁)ခွေလျှင်	ကျပ်	၄၀၈၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ-

ဓမ္မနာဒပရိယတ္တိစာသင်တိုက်၊
မင်းကွန်း၊ ဖုန်း-၀၉-၆၄၆၃၁၆၃၊
၀၉-၆၈၀၄၆၀၉၊

တိပိဋကကျောင်းတော်
အမှတ်(၁၂)စကားဝါလမ်း၊
ဖုန်း-၀၉-၄၉၂၃၅၃၇၆၊
၀၁-၂၂၂၂၇၉၊ ၀၁-၂၂၂၂၇၇၊
၀၁-၂၂၂၂၇၈၊

တိပိဋက-နိကာယကျောင်းတိုက်
မိုးမိတ်ကုန်းမြေ၊မင်းကွန်း၊
ဖုန်း-၀၂-၆၀၄၉၅၊၀၂-၂၄၈၆၉၊
၀၉-၆၄၆၃၇၃၇၊၀၉-၆၄၆၃၂၉၄၊

ရွှေစင်တိပိဋကရွှေလရောင်ကျောင်း
မတ္တရာတိုက်၊ နန်းရှေ့၊
မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၀၆၁၃၉၊၀၂-၇၅၀၇၀၊

မင်းကွန်းတိပိဋကဓမ္မနာဒ ရေ၊မီး၊ ဆွမ်း၊ ဆေး၊
အလှူတော်အဖွဲ့ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည်
ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)
အသက်(၈၁)နှစ်

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ အလုပ်အမှုဆောင် ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်နုနုမြိုင်၊ ဒေါက်တာကျော်နိုင်-ဒေါ်ခင်သန္တာထွန်းတို့၏မိခင်သည် ၃၁-၅-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲမိပါသည်။

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသီ (မြောင်းမြမြို့)
အသက် (၇၃)နှစ်

သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဗိုလ်မှူးဆန်းအောင်(ငြိမ်း)ညွှန်ကြားရေးမှူး၏မိခင် ဒေါ်အေးသီ အသက်(၇၃)နှစ်သည် ၆-၆-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသီ (မြောင်းမြမြို့)
အသက် (၇၃)နှစ်

သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဆန်းအောင်၏မိခင် ဒေါ်အေးသီ အသက်(၇၃)နှစ်သည် ၆-၆-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစုများ
သမဝါယမဝန်ကြီးဌာန

၂၄-၅-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်နုနုဝင်းမှ မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ဂ၊ မြေကွက်အမှတ် ၅၄၀/ကနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်စပ်လျဉ်း၍ရှေ့နေများမှတစ်ဆင့်ကြေညာချက်နှင့်ပတ်သက်၍

ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းညွန့် ၁၂/ဥကမ(နိုင်)၀၃၆၃၅၉၊ အမှတ် ၅၄၀/က၊ မေဓာဝီလမ်း၊ (ဂ)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဂ၊ မြေကွက်အမှတ် ၅၄၀/က၊ အနံပေ၂၀၊ အလျားပေ၆၀အကျယ်မြေကွက်သည် ဒေါ်သန်းညွန့်အမည်ပေါက် နှစ်၆၀ဂရန်မြေဖြစ်ပြီး ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်ခံအိမ်မှာလည်းဒေါ်သန်းညွန့်တစ်ဦးတည်းပိုင်ဖြစ်ပါသည်။ မည်သည့်မောင်နှမသားချင်းများနှင့်မှ သက်ဆိုင်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးစိုးမြင့်အောင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၄)
အမှတ် ၁၂၉၂၊ ပဒုမ္မာ ၅လမ်း၊ (၄၉)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းမြင့် (ညွှန်ကြားရေးမှူး၊သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)-ဒေါ်ခင်အေးသန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ် ၆၊ အမှတ် ၂၈၁/စ၊ အခန်း ၂နေ မောင်အောင်ကိုမြင့် B.Agr.Sc (Htoo Group Of Companies) အသက်(၃၁)နှစ်သည် ၆-၆-၂၀၁၂ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဃ်္ဃန်းကျွန်းမြို့နယ်
သစ်တောဦးစီးဌာနဝန်ထမ်းများ

ကျေးဇူးအထူးတင်ရှိခြင်း

၈-၅-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ဗိုလ်ကြီးဆက်အောင်(ကြည်း -၅၀၀၅၈)၊ စစ်တက္ကသိုလ် အမှတ်စဉ် (၅၀) အသက်(၂၄)နှစ်၏နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော စစ်ဘက်မှ အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ရဲမေ မိသားစုများ၊ စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိမိဘများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သား၏သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ နှစ်သိမ့်အားပေးကြပါသော မိတ်သဂ်ဂဟများနှင့် ဆွေမျိုးများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

မေမေ - **ဒေါ်ဆွေဆွေသန်း**
(J.A.T မူလွန်- ၃၆လှိုင်သာယာ)
ညီမလေး - **သဇင်စံ Final year (Eng) ဒဂုံတက္ကသိုလ်**

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၆၅၂၄ Tip Top (TTJ.J2)Jeep(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာစီကေနီချွမ်း ၄/ဟခန(နိုင်)၀၀၅၇၉၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့နယ်**

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်စီ(ဘ)ဦးဘိုးဆောင် ၉/မရတ(နိုင်)၀၅၉၅၁၉သည် (၁)မောင်လှမြင့် (ဘ)ဦးခင်မောင် ၁၂/သခန(နိုင်)၀၀၂၁၂၆၊ အမှတ် ၇/၁၇၉၊ နဂါးရုံဘုရားလမ်း၊ တောင်ငူမြို့နှင့် (၂) မောင်သက်ဦး(ဘ)ဦးတင်ရွှေ ၅/ဖပန(နိုင်)၀၄၄၇၆၉၊ နမ္မနမင်းကုန်း၊ မိုးကောင်းမြို့နယ်၊ မိုးညှင်းခရိုင်တို့အား ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်စာချုပ်ကို တောင်ငူမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ချုပ်ဆို၍ မွေးစားခဲ့ရာ၌ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ မွေးစားစာချုပ်အမှတ် ၄/၂၀၁၂ အရ မှတ်ပုံတင်ထားရှိပြီး လက်ဝယ်မရရှိသေးမီ၌ပင် မောင်သက်ဦးမှာ ကျွန်မ ဒေါ်စီ၏ ငွေကြေးအပ်နှံယုံကြည်မှုကိုဖြေရှင်းခြင်းမပြုနိုင်ဘဲ ထွက်ခွာသွားခြင်းဖြင့် ကျွန်မအား ထိခိုက်နစ်နာစေပြီး မျက်ရည်ကျအောင်ပြုလုပ်၍ ကျွန်မ ဒေါ်စီသည် မောင်သက်ဦးကို ကိတ္တိမသားအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စီ ၉/မရတ(နိုင်)၀၅၉၅၁၉
အမှတ် ၇/၁၇၉၊ နဂါးရုံဘုရားလမ်း၊ တောင်ငူမြို့

ကျေးဇူးအထူးတင်ရှိခြင်း
ဒေါ်စီစီသိန်း
(မိုးညှင်း)
အသက် (၆၇)နှစ်

၂၆-၅-၂၀၁၂ ရက် နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်စီစီသိန်း၏ နာရေးတွင် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသော ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်မှ အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ တပ်ကြပ်၊ တပ်သားများ၊ ဆရာ၊ ဆရာမများ၊ညီအစ်ကိုမောင်နှမဆွေမျိုးများ၊သူငယ်ချင်း မိတ်ဆွေများ၊ နှင်းဆီရပ်ကွက်သူ/ရပ်ကွက်သားများနှင့် နှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဂဟ အပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း
ကိုမြတ်ထွတ်လင်း (ရွှေတောင်မော်)
Zizawa Health Care
အသက်(၃၂)နှစ်

၅-၆-၂၀၁၂ရက် မအူပင်မြို့တွင် ကွယ်လွန်သွားသော ကိုမြတ်ထွတ်လင်း အသက်(၃၂)နှစ်၏ နာရေးကိစ္စအဝဝတွင် အလုံးစုံအကူအညီပေးကြသော မအူပင်မြို့မှ ကရုဏာလူမှုကူညီရေးအသင်းအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ကောင်းမှုကုသိုလ်ဒါနကျေးဇူးဆပ်အမျှပေးဝေခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်မြင့်မြင့် (ဘိုကလေး)
(၂၃-၄-၁၉၃၂)-(၉-၆-၂၀၀၉)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၂၃-ကနေ (ဦးသန်းရွှေ-ဒေါ်မြရင်)တို့၏သမီး ၉-၆-၂၀၀၉ရက်တွင် ကွယ်လွန်သွားသည့် မိခင်ကြီး ဒေါ်မြင့်မြင့် အသက်(၇၈)နှစ်အားရည်စူး၍ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကောလင်းကျောင်းမြောက်ဘက်ဘုရားစု၊ဘုရားအမှတ်၁၂၇အား ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုး၊အဘွားများအတွက်အာဟာရပဒေသာပင်အတွေ့ထွေရန်ပုံငွေစိုက်ထူလှူဒါန်းခြင်းနှင့် အဘိုးအဘွားများအတွက် တစ်နေ့လုံးစာကျွေးမွေးခြင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ဝိသာခါ သီလရှင်ပညာသင်ကျောင်းရှိ မိဘမဲ့ကလေးများအတွက် ကျောင်းဆောက်လှူဒါန်းခြင်းအတွက် အလှူငွေထည့်ဝင်ခြင်း၊ မိဘမဲ့ကလေးများအတွက် တစ်နေ့လုံးစာကျွေးမွေးခြင်း၊ အလှူဒါနအစုစုတို့ကို ခင်ပွန်းဦးအုန်းမြင့်နှင့် သားသမီးမြေး တစ်စုတို့က ရေစက်သွန်းချလှူဒါန်းခဲ့ပါသည်။ ဤကောင်းမှုကုသိုလ်များကို မိခင်ကြီးဒေါ်မြင့်မြင့် ရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓု-သာဓု-သာဓု သုံးကြိမ် ခေါ်ဆိုပြီး မြင့်မြတ်သောဘုံဘဝများသို့ ရောက်ရှိပါစေ။

မေမေရေ အမျှ-အမျှ-အမျှ

ကျန်ရစ်သူ
ခင်ပွန်း-ဦးအုန်းမြင့်နှင့်
သားသမီးမြေးတစ်စု

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၉၊ မြေကွက်အမှတ် ၉၀၈၊မြေကွက်တည်နေရာအမှတ်၉၀၈၊ ၆၉ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးဘစန်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက် ဦးဘစန်းထံမှ မေတ္တာဖြင့် အပိုင်လွှဲပြောင်းပေးအပ်ခြင်း စာချုပ်တင်ပြ၍ဒေါ်အမရာကရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၅၅၊ မြေကွက်အမှတ်၁၇၃၁၊ မြေကွက်တည်နေရာ အမှတ် ၁၇၃၁၊ မင်းရဲကျောင်းပုံလမ်း၊ ၅၅ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးရွှေငွေ YSO-၀၅၉၃၆၇ အမည်ပေါက်မြေချပါမစ်မြေအားအမည် ပေါက် ဦးရွှေငွေထံမှ အရပ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူထားသူ ဒေါ်ခင် မျိုးသန့် ၁၂/ဒလန(နိုင်)၀၀၇၉၇၃က မြေချပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံ ချက် ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များ တင်ပြပြီးပါမစ်ပျောက်ဖြင့်နှစ်၆၀မြေငှား စာချုပ်ဂရန်လျှောက်ထားလာရာ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၅၊မြေကွက်အမှတ်၂၁၈၊မြေကွက်တည်နေရာအမှတ်၂၁၈၊(၄၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်ညွန့်အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဦးတင်ညွန့်နှင့်ဒေါ်စောချစ်တို့အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်သော(၁)ဒေါ်ခင်လေးနွယ်၊ (၂)ဒေါ်ကေသီမွန်၊ (၃)ဒေါ်အေးအေးမြင့်တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၈၇/၁၂ ၂၂-၂-၁၂ ဖြင့် ဦးမျိုးညွန့်၁၂/ကမရ(နိုင်) ၀၄၀၄၆၀ကအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျော်ဇော
B.A, B.Ed
ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၈၇)နှစ်

ဦးတင်မောင်အေးထူး (ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)-ဒေါ်ရီရီသန်းတို့၏ဖခင် ဦးကျော်ဇော အသက်(၈၇)နှစ်သည် ၈-၆-၂၀၁၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကြည်ထွဋ်ဝင်း (ညွှန်ကြားရေးမှူးချုပ်)-ဒေါ်နွဲ့နွဲ့ဝင်း
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန

ကျေးဇူးတင်ရှိခြင်း

၅-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးစန်းညွှန့် အသက်(၅၀) ဆေးရုံတက်စဉ် ဂရုတစိုက်ကုသပေးခဲ့ခြင်း၊ ကွယ်လွန်ပြီး နာရေးကိစ္စအဝဝတွင် ပြည့်စုံအောင် စီစဉ်ပေးခဲ့ပါသော အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံ နှလုံးအထူးခွဲစိတ်ဆောင်(၂)မှ တပ်မှူး၊ ဗိုလ်မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့် နှစ်သိမ့်အားပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ပုဂ္ဂိုလ်များ အားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူဇနီး ဒေါ်တင်တင်ရီ၊
သမီး မထူးကောသီညွှန့်(ခ)နှင်းဖြူ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးဝဏ္ဏကျော် (ငြိမ်း)
O.T.S (99)
အသက်(၃၉)နှစ်

ဒေါ်နွယ်နီလှိုင်၏ခင်ပွန်း၊ မောင်လင်းသစ်ခန့်၏ဖခင်ဖြစ်သူ ဗိုလ်မှူးဝဏ္ဏကျော် (ငြိမ်း)သည် ၅-၆-၂၀၁၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

O.T.S (99)
သူငယ်ချင်းများ

ဒေါ်ခင်အေး (ကျောက်ဆည်)
အသက်(၈၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ(ဦးမောင်ကြီး-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးတွယ်-ဒေါ်မိန်းခလေး)တို့၏သမီးချွေးမ၊ တိုက်အမှတ် ၂၉၃၊ အခန်း ၈၊ အရှေ့ရန်ကင်းနေ (ဦးချစ်ဆွေ၊ ဒုတိယညွှန်မှူး၊တောင်သူလယ်သမားအစည်းအရုံး)၏ဇနီး၊ (ရဲအုပ်ခင်မောင်ဆွေ)-ဒေါ်မဉ္ဇူရွှေ၊ ဦးမောင်မောင်ထူး-ဒေါ်နှင်းယုဆွေ၊ ဒေါ်သင်းယုဆွေ (အလက-၅၊ ရန်ကင်း)၊ ဦးမျိုးညွှန့်ဆွေ၊ ဦးထူးဝင်း-ဒေါ်ဝင်းယုဆွေ၊ ဦးသန်းဆွေ-ဒေါ်လွင်မာသက်၊ ဦးအောင်မိုးဆွေ (Thantwe Marine Products Co., Ltd)တို့၏မိခင်၊ မဟေမာန်ထူး၊ မောင်အောင်ဆွေမိုး (PCL Shipping Line)၊ မဝသန်ထူး (Marketing Executive,Prospcrous)၊ မနေခြည်ထူး၊ မောင်ကျော်ကျော်ဆွေ၊ မလွင်မာဝင်း (Grade-XI၊ T.T.C)၊ မောင်နိုင်ထက်ဝင်း(Grade-VI၊ အလက-၅၊ ရန်ကင်း)၊မယွန်းစန္ဒီဆွေ(Grade- II၊ T.T.C)တို့၏အဘွားသည် ၈-၆-၂၀၁၂ ရက် နံနက် ၃နာရီတွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျော်စိန်
(တက္ကသိုလ်ကျော်စိန်)
မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက
အသက်(၇၅)နှစ်

(ဦးသန်းတင်-ဒေါ်ငွေပေါင်း)-ဒေါ်လွယ်စိန်(ခေတ္တ-USA)တို့၏သားကြီး၊ ဒေါ်မူမူမြင့် (ခေတ္တ-USA)၏ခင်ပွန်း၊ ဒေါ်သန္တာဇင်ဦး-ဦးဝင်းတင်(ခေတ္တ-USA)၊ ဒေါ်သက်သက်ဆွေ-ဦးဇော်ထူး (Htoo Auto Service Ltd.)၊ ဦးမိုးကျော်မြင့်-ဒေါ်မြတ်နိုင်သီ(ခေတ္တ-USA)၊ ဒေါ်ဝေဝေခင် - Mr. Sathid Na Nangkhai (ခေတ္တ-Thailand)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၈နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၆၆၊ ခုနစ်လွှာ-ဘီ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ဟန် (မိချောင်းရဲ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၂၊ မြေညီထပ်(က)နေ (ဦးစံဖေ-ဒေါ်စောတင်)တို့၏သမီး၊ ဦးဘသင်-ဒေါ်ကျင်မြ၊ ဦးစောလွင်-ဒေါ်ကျင်လှတို့၏အစ်မ၊ တူ၊ တူမ ၁၂ယောက်တို့၏ကြီးကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၂ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်လင်း(ခ)လျှောင်စင်ရှင်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၆လမ်း၊ အမှတ် ၂၇(ငါးလွှာ/A)နေ(ဦးလျှောင်ရန်ချင်း-ဒေါ်စီရင်)တို့၏သား၊ (ဦးဉာဏ်-ဒေါ်ချွန်)တို့၏သားသမက်၊ဦးစိန်ဝင်း၏ညီ၊ ဦးဝင်းစိန်၊ ဦးလှစိန်တို့၏အစ်ကို၊ ဒေါ်ရွှေသက်မာ၏ခင်ပွန်း၊ ဦးအောင်သန်းကျော်၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်စိုးစန္ဒာဝင်းတို့၏ဖခင်သည် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၂ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးကင်းဟန် (ကျိုက်လတ်)
(လူမှုထူးချွန် တတိယဆင့်)
ရွှေဒေါင်းဆန်စက်
အသက်(၇၂)နှစ်

ကျိုက်လတ်မြို့နေ (ဦးတင်းတောင်း-ဒေါ်ကျင်ဖြူ)တို့၏သား၊ ကျိုက်လတ်မြို့နယ်၊ ကလပ်ရပ်ကျေးရွာနေ (ဦးတိုး-ဒေါ်ထွေးတင်)တို့၏သားသမက်၊ ကျိုက်လတ်မြို့၊ အမှတ် ၉၇၊ ၇×၈ ဦးစန္ဒာလမ်းနေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ကိုနိုင်အေး-မခင်ခင်ဦး၊ ကိုညို-မခိုင်(ရွှေပြည်အေးစတိုး)၊ ကိုခင်ဇော်-မရီရီမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၂ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်ယိုလွှ(ခ)ဒေါ်ချစ်
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၄၂၊ ၁၅လမ်း၊ ပထမထပ်နေ [ဦးကွာကန်လော(ခ)ဦးလံဘား]၏ဇနီး၊ ဦးမျိုးငွေး-ဒေါ်ကျင်စွမ်၊ ဒေါ်ကျင်လှ-(ဦးထွန်းမြင့်)၊ ဦးစံရွှေ-ဒေါ်ခင်ချိုချို၊ ဒေါ်ထွေးထွေး-ဦးအုန်းမြင့်၊ ဒေါ်ကျင်မွှေးတို့၏မိခင်၊ ကိုလှိုင်ဝင်း-မမိုးမိုးလွင်၊ ကိုညီညီဝင်း-မမိုးသန္တာစိုး၊ မမော်လီဝင်း၊ မသောဘီဝင်း-ကိုပေါ်ဦး၊ မစန္ဒာဝင်း၊ မောင်ကျော်ဇင်သန့်၊ မောင်ကျော်ထူးအေး-မမျိုးစန္ဒာ၊ မခင်မျိုးအေး၊ မဖြိုးသန္တာဆွေ၊ မောင်ဟိန်းမင်းဦး၊ မောင်သူရိန်မိုးမြင့်၊ မောင်ငြိမ်းဝဏ္ဏ၊ မောင်စိုးမင်းထွေး၊ မအိအိထွေးစံတို့၏အဘွား၊ မောင်အံ့မင်းထက်၊ မောင်ဉာဏ်လင်းအောင်၊မောင်ထွန်းလင်းအောင်တို့၏ဘွားဘွားကြီးသည် ၈-၆-၂၀၁၂ရက် (သောကြာနေ့) ည ၇း၄၅နာရီတွင် အမှတ် ၁၉(ခ)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(မဟာဆွေလမ်းနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်စော(ခ)ဒေါ်ခင်စိန် (နန်းမား၊ ကချင်ပြည်နယ်)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၅လမ်း၊ အမှတ် ၁၀၀နေ ဦးစိုးလင်း(ကာကွယ်ရေးဝန်ကြီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်စိုး-ဒေါ်နုနုဝင်း၊ ဦးအောင်ကျော်စိုး-ဒေါ်မေသန်းဦး၊ ဒေါ်ကြည်ကြည်စိုး(အုတ်ကျင်းဈေး)၊ ဦးဝင်းစိုး-ဒေါ်နုနုရီတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၈-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ် ဒါယိကာမကြီး
ဒေါ်အေးတင် (ကျောက်ဖြူမြို့)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၇၃(က)နေ ဦးကင်းဗမ်၏ဇနီး၊ ဦးဘရီ-ဒေါ်အေးရှင်၊ (ဦးစောဝင်း)-ဒေါ်မြင့်စိုး၊ ဦးအေးသန်း(ခေတ္တ-မလေးရှား)-ဒေါ်အေးမွှေး၊ ဦးစိုးဖြူ၊ ဦးစိန်ငွေ-ဒေါ်အေးအေးခိုင်၊ (မောင်စောအောင်)၊ ဗိုလ်ကြီးတင်မိုးလှိုင်(ငြိမ်း) (အမှုဆောင်အရာရှိ၊ ရေတာရှည်စည်ပင်)-ဒေါ်အေးအေးလှိုင်၊ ဗိုလ်မှူးစိုးဝင်းခိုင်-ဒေါ်အေးအေးဝင်း၊ မအေးအေးနွယ်(ခေတ္တ-ဂျပန်)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၉း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၂ရက် (တနင်္လာ နေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမောင်မောင်အေး (တက္ကသိုလ်မောင်မောင်အေး)
ဗဟိုတရားရုံးချုပ်ရှေ့နေ
အသေးစားငွေချေးဌာန၊ မီးအာမခံကိုယ်စားလှယ်
အသက်(၇၄)နှစ်

သထုံမြို့၊ ရှမ်းစုကျေးရွာနေ (ဦးညွှန့်မောင်-ဒေါ်ဒွေးလှ)တို့၏သား၊ (ဦးငွေထွန်း-ဒေါ်ကျော့တင်)တို့၏သားသမက်၊ ဒေါ်အေးမြင့်၊ (ဒေါ်ခင်ရီ)၊ (ဒေါ်အေးသန့်)တို့၏မောင်၊ ဒေါ်တင်ရီညွှန့်၊ ဒေါ်စိန်စိန်သန့်တို့၏အစ်ကို၊ ဒေါ်မြညွှန့် (သူနာပြု၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်သင်းသင်းလှိုင်၊ ဦးနေအောင်တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၆-၆-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၇း၄၀နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၄၅ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
ဒေါ်တင်တင်ဝင်း(ခ)ဒေါ်နီနီ
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မာန်ပြေ ၂၀လမ်းအနောက်၊ အမှတ် ၁၆/ခနေ ဦးမြိုင်-ဒေါ်မိတို့၏သမီး၊ ဦးဝင်းညို(ကကငွေ၊ ငြိမ်း)၏ဇနီး၊ ဒေါ်အမာညို၏ညီမ၊ ဒေါ်သိန်းသိန်းအေး(ငါးဦးစီး)၏အစ်မ၊ ကိုဇော်ထွန်းဦး(Gunkul Engineering Co., Ltd.)-မခင်မေအေး၊ ကိုမင်းလှိုင်(ခေတ္တ-မလေး)-မစမ်းသီတာအေး(ခေတ္တ-မလေး)၊ ကိုသန်းထိုက်(ငါးဦးစီး)-မမိုးသန္တာဝင်း(ငါးဦးစီး)၊ ကိုကျော်သူရ-မခင်နီလာမိုး၊ ဒုရဲအုပ်မိုးကျော်သူ (လူကုန်ကူးအထူးနှိမ်နင်းရေးအဖွဲ့၊ နိုင်ငံဖြတ်ကျော်နေပြည်တော်၊ ပြည်ထဲရေး)-မအေးအေးသန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၇း၄၅နာရီတွင် ဗဟိုရ်ရံစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U Saw Daniel Kee Po
Managing Director
Myanmar Mystery Land Travels & Tours Co., Ltd.
အသက်(၆၆)နှစ်

ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်းနေ(ဦးစောကီးဖိုး - ဒေါ်နော်ခင်စိန်)တို့၏သားကြီး၊ တောင်ကြီးမြို့နေ (ဦးထွန်းအောင်-ဒေါ်အမ်တီဘောက်)တို့၏သားသမက်၊ရန်ကုန်မြို့၊ တိုက် ၂/၂၀၅၊ အောင်မြေသာစည်အိမ်ရာ၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်စကားဝါစိုး၊ ဦးမောင်မောင်သင်-ဒေါ်နုနွယ်စိုး၊ ဦးစိုင်းလုံကွမ်း-ဒေါ်နှင်းနွယ်စိုး၊ နော်စေးစေးဖိုး-စိုင်းဝဏ္ဏစိုးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၈-၆-၂၀၁၂ရက် မွန်းလွဲ ၁း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၀-၆-၂၀၁၂ရက် ညနေ ၃း၃၀နာရီတွင် ဒေးဗစ်ရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
U Saw Daniel Kee Po
Managing Director
Myanmar Mystery Land Travels & Tours Co., Ltd.
အသက်(၆၆)နှစ်

ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်းနေ(ဦးစောကီးဖိုး - ဒေါ်နော်ခင်စိန်)တို့၏သားကြီး၊ ဒေါ်ဒေါလီဝင်း၊ ဦးစိန်ထွန်း-ဒေါ်ဖရေစီလာဝင်းတို့၏မောင်၊ နော်ဖလော့ရင့်၊ နော်ရူဘီ၊ ဦးစောဒေးဗစ်-ဒေါ်နော်ရို(စ်)၊ ဦးခင်မောင်ဝင်း-နော်ကလဲမတစ်၊ နော်ဂျက်စမင်၊ ဦးလီယာကုတ်-နော်မေရာတို့၏အစ်ကိုကြီး၊ တူ၊ တူမ ၂၂ယောက်တို့၏ဦးလေး၊ မြေး ၁၅ယောက်တို့၏ဖူးဖူးကြီးသည် ၈-၆-၂၀၁၂ရက် မွန်းလွဲ ၁း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၀-၆-၂၀၁၂ရက် ညနေ ၃း၃၀နာရီတွင် ဒေးဗစ်ရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးကျော်ဇော
B.A, B.Ed
ကျောင်းအုပ်ကြီး(ငြိမ်း)
အသက်(၈၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မင်းဇံရွာနေ(ဦးစံအုပ်-ဒေါ်လှတင်)တို့၏သား၊ မင်းဘူးမြို့၊ စက္ကူနွံရပ်နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ(ဦးခင်မောင်လတ်)-ဒေါ်တင်မီ၏မောင်၊ ဦးလှငွေဦး-ဒေါ်ခင်ခင်ဦး၊ ဦးတင်မောင်အေးထူး-ဒေါ်ရီရီသန်း၊ ဦးကျော်ဝင်း-ဒေါ်မာမာအေး၊ ဦးခင်မောင်ဇော်-ဒေါ်ဝေဝေမောင်၊ ဦးခင်မောင်ကျော်-ဒေါ်ယဉ်မင်းကျော်၊ ဦးမောင်လှ-ဒေါ်စိုးစိုးမော်တို့၏ဖခင်၊ မအေးမြသာထူး၊ မအေးမြမြဖူး၊ မောင်ကျော်ညီညီဇင်၊ မောင်ကျော်နိုင်ထွန်း၊ မောင်စည်သူထွန်း၊ မသင်းဝတ်ရည်သော်၊ မယွန်းဝတ်ရည်လှိုင်တို့၏အဘိုးသည် ၈-၆-၂၀၁၂ရက် ၉း၁၀နာရီတွင် မင်းဘူးမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၂ရက် (စနေနေ့)ညနေ ၄နာရီတွင် မင်းဘူးမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ
မြန်မာ့စီးပွားရေးဘဏ်၊ရုံးချုပ်(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၄၃နေ(ဦးစိုးမြင့်-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ [ဦးအောင်စိုး၊ စက်မှု(၁) ကြေ/မြေ၊ ဌာနမှူး၊ ငြိမ်း]၏ဇနီး၊ ဦးသန်းနိုင်စိုး(ခ)ဦးပီတာ-ဒေါ်ခင်ပပအောင်(ခ)တူးတူး၊ ဦးမျိုးကျော်(ခ)ဦးမိုးကျော်-ဒေါ်နှင်းလွင်စိုး(ခ)ဝိုင်းလေး၊ ဦးစန်းမြင့်-ဒေါ်စန်းသွင်စိုး(ခ)ထွေးလေးတို့၏မိခင်၊ မမြေမြင့်မြတ်ကြွယ်၊ မောင်မြင့်မြတ်ကို၊ မောင်အောင်ထက်နိုင်ဦးတို့၏အဘွားသည် ၈-၆-၂၀၁၂ရက်မွန်းလွဲ ၁နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်မြ
မြန်မာ့စီးပွားရေးဘဏ်၊ရုံးချုပ်(ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၄၃နေ(ဦးစိုးမြင့်-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ [ဦးအောင်စိုး၊ စက်မှု(၁) ကြေ/မြေ၊ ဌာနမှူး၊ ငြိမ်း]၏ဇနီး၊ ဦးမြင့်သိန်း(ခ)ဦးဂျော်နီ-ဒေါ်အေးပွင့်၊ ဒေါ်ခင်လှစိုး၊ ဦးတင်မောင်-ဒေါ်မြသွယ်၊ (ဒေါ်တင်ရီ)၊ ဦးဘိုကြီး-ဒေါ်အေးအေးဝင်းတို့၏အစ်မကြီးသည် ၈-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ဒေါ်ခင်စန်းဝင်း
(တောင်တွင်းကြီး)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ် ၅၈(A)၊ ပထမထပ်နေ(ဦးစိုးသောင်း)ဒေါ်မြသန်းကြည်တို့၏သမီး၊ ဦးသောင်းစိန်-ဒေါ်မြင့်မြင့်သန်းတို့၏သမီးချွေးမ၊ တောင်တွင်းကြီးမြို့နေ(ဦးစံလှိုင်မြင့်)-ဒေါ်ခင်လေး(ဦးဇော်လေး)-ဒေါ်တင်လေးတို့၏တူမ၊ဦးကြည်စိုး၊ ဦးကိုကိုငွေး-ဒေါ်ဝင်းဝင်းမာတို့၏ညီမ၊ ဦးသန်းစိုး-ဒေါ်ထိုက်ထိုက်စိုး၊ ဒေါ်မြမြစိမ်းတို့၏အစ်မ၊ ဦးခင်ဇော်၏ဇနီး၊ မောင်ဇေယျာမင်းထွဋ်(G-II၊ အထက-၂၊ ဒဂုံ)၏မိခင်သည် ၈-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁း၂၀နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရိက္ခာရပ်ကွက်
ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော်
ဘဒ္ဒန္တပညာသာမိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကမာကလုတ်ကျေးရွာနေ (ခမည်းတော်ဦးဘဖေ-မယ်တော်ဒေါ်ဖွဲ)တို့၏သား၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိသည် ၈-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၄း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၂-၆-၂၀၁၂ရက်(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ပလက်ဝမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တစိန္တိတ (ဓမ္မာစရိယ)
စစ်တွေမြို့၊ ကယုချောင်းကျောင်းတိုက်
သက်တော်(၅၀)၊ သိက္ခာတော်(၃၀)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကယုချောင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစိန္တိတ(ဓမ္မာစရိယ) သက်တော်(၅၀)၊ သိက္ခာတော်(၃၀)သည် (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) ၈-၆-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁း၄၉နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။ (သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ ၅လမ်း၊ ဝေဠုဝန်ဓမ္မဗိမာန်ကျောင်းမှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ဆရာတော်အားရည်မှန်း၍ ရက်လည်ဆွမ်းအလှူကို (၁၃၇၄ခုနှစ် နယုန်လဆန်း ၁၀ရက်) ၁၄-၆-၂၀၁၂ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ဝေဠုဝန်ဓမ္မဗိမာန်ကျောင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသုတ (ရေစကြို၊ ဆင်ခြေရာ)
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၁၇)ဝါ

ဘိုကလေးမြို့နယ်၊ မင်းဂံကျေးရွာအုပ်စု၊ အကယ်ကြီးကျေးရွာနေ ဦးရဲဝင်း-ဒေါ်စီစီ၊ ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ နိဂြောဓာရုံစာသင်တိုက်၊ စာချနာယက ဦးစန္ဒ၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၏နာယက လယ်တီကမ္မဋ္ဌာနာစရိယ ဦးဓမ္မာလောက၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်နေ ဦးဝင်းကျော်-ဒေါ်ခင်မာနွယ်တို့၏ဖခင်၊ မောင်မင်းထက်ကျော်၊ မမေသက်ခိုင်၊ မအေးချမ်းမွန်တို့၏အဘိုး၊ အရှင်သူမြတ်သည်(၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) ၈-၆-၂၀၁၂ရက်(သောကြာနေ့)နံနက် ၄း၃၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား ကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသိန်းအောင်(ခ)ဦးရဲသိန်း
မော်ကွန်းဝင်(ပထမဆင့်)
အသက်(၉၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ် (၁)လမ်း၊ အမှတ် ၁၄/၁၆နေ(ဦးမှတ်-ဒေါ်ထွေး)တို့၏သား၊ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဒေါ်ခင်သိန်းဝင်း(မြန်မာ့သတင်းစဉ်)၊ ဒေါ်စန်းစန်းဝင်း(ကောင်းထက်ရွှေဆိုင်)၊ ဒေါ်အေးအေးဝင်း(မြန်မာစာ၊ ကထိက)၊ ဦးမင်းအောင်၊ ဒေါ်ဥမ္မာအောင်၊ ဒေါ်သန္တာအောင် (ကြေးမုံသတင်းစာတိုက်)တို့၏ဖခင်သည် ၆-၆-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာ
ဦးမြင့်သိမ်း(ခ)ဦးဂေါ်ရာ
ဆိုင်မန်နေဂျာ(MPPE) (ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးရပ်နေ (ဦးပု-ဒေါ်မြချစ်)တို့၏သား၊ (ဦးလှမောင်-ဒေါ်လှသင်း)တို့၏သားသမက်၊ ကြည့်မြင်တိုင်ဈေးကြီးအရှေ့ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၅၅နေ ဒေါ်ခင်ခင်နွဲ့(ခ)ဒေါ်ငွေတိုး၏ခင်ပွန်း၊ ဒေါ်မြတ်မိုးလွင်(MPPE၊ ပုသိမ်ဌာနခွဲ)၊ ဦးမင်းကိုကို(သတင်းတပ်ဖွဲ့)၊ ဒေါ်မိုးသူဇာ(ဦးစီးအရာရှိ၊ ရသုံးမှန်းခြေငွေစာရင်းဌာန၊ နေပြည်တော်)၊ ဦးမင်းသိမ်းဦး(ဆိုင်မန်နေဂျာ၊ MPPE၊ တောင်ငူဟင်းငုတ်ပင်)-ဒေါ်ဇာဇာသိမ့်ဟန် (ပြည်ထွန်းအောင်ကုမ္ပဏီ)တို့၏ဖခင်၊ မခင်ဦးကောင်း(Grade-I၊ အထက-၁၊ လမ်းမတော်)၏ဘိုးဘိုးကြီးသည် ၈-၆-၂၀၁၂ရက်(သောကြာနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းခန့်
ဒုတိယတိုင်းဦးစီးမှူး(ငြိမ်း)
လူဝင်မှုကြီးကြပ်ရေးနှင့်
အမျိုးသားမှတ်ပုံတင်ဦးစီးဌာန
ကျောက်ဖြူ-ရမ်းဗြဲ
အသက်(၇၉)နှစ်

ရမ်းဗြဲမြို့နေ (ဦးဘလှိုင်-ဒေါ်စောခင်)တို့၏သား၊ ကျောက်ဖြူမြို့နေ (ဦးကျော်သာ-ဒေါ်စိန်မြ)တို့၏သားသမက်၊ (ဒေါ်စန်းမြင့်)၏ခင်ပွန်း၊ ဦးရဲမြင့်သန်း၊ ဒေါ်မြင့်မြင့်ထွန်း၊ ဦးလှကျော်၊ ဒေါက်တာစန်းစန်းထွန်း၊ ဒေါ်ခင်ခင်ထွန်း(ဒုလဝက မှူး၊ ပုသိမ်)၊ ဦးခင်မောင်ထွန်း၊ ဦးမျိုးမြင့်ထွန်း၊မယုဇင်အောင်တို့၏ဖခင်၊ထင်အောင်လင်း၊ ခိုင်သဇင်မြင့်၊ ပြည့်ဖြိုးကျော်၊ ချိုလဲ့ရီဦး၊ ညိုသက်စံ၊ဖြိုးသဉ္ဇာခင်တို့၏အဘိုး၊ (ဦးကျော်မြင့်)၏ညီ၊ ဒေါ်ခင်သန့်၊ ဒေါ်ခင်နွဲ့တို့၏မောင်၊ ဦးထွန်းသန့်၊ ဦးသန့်အောင်တို့၏အစ်ကို၊ ပုသိမ်မြို့၊ ပုသိမ်ညွှန့်၊ အမှတ်(၅)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၁၃နေ ဦးထွန်းခန့်သည် ၇-၆-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် သယောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

9-6 (19).pmd 1 6/9/2012, 3:26 AM

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွား အခြေအနေအားလုံးကို အချိန်မီထိန်းသိမ်းပြီး ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှု ရရှိစေရေးအတွက် ပုဒ်မ(၁၄၄) ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၈

နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ပုံဖော်တည်ဆောက်လျက်ရှိရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း အလေးထား ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

လတ်တလောကာလအတွင်း ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိပြီး ယနေ့ မွန်းလွဲပိုင်းမှစတင်၍ အကြမ်းဖက်သူများက လူနေအိမ်များ၊ ဈေးဆိုင်တန်းများ၊ တည်းခိုခန်း စသည်တို့ကို မီးရှို့ဖျက်ဆီးခြင်း၊ လူအချို့ကို ရန်ပြုသတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားနေသည့်အတွက် ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ပုဒ်မ(၁၄၄) ထုတ်ပြန်၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် အကြမ်းဖက်သူ အင်အား ၁၀၀၀ ကျော်ခန့်သည် ကမ္ဘောဇဘဏ် အဆောက်အအုံ၌ အဖိချထားသည့် အမိုးအား ဆွဲချဖျက်ဆီးခြင်း၊ ယူနိုက်တက် တည်းခိုခန်းနှင့် နေအိမ်တစ်လုံးတို့အား ခဲများဖြင့်ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ မွန်းလွဲ ၂နာရီခန့်တွင် သီရိမင်္ဂလာခန်းမရှေ့ သဇင်တည်းခိုခန်း၊ စားသောက်ဆိုင် ဈေးတန်းအား မီးရှို့ခဲ့ရာ ဆိုင်ခန်း ခြောက်ခန်း မီးလောင်ကျွမ်းခဲ့ကြောင်း၊ ဆက်လက်၍ နာရီစင်နှင့် ဆေးရုံကြားရှိ ရပ်ကွက်(၄)သို့ မီးကူးစက်လောင်ကျွမ်းပြီး စုစုပေါင်း နေအိမ် ၁၅ လုံးခန့် မီးလောင်ကျွမ်းခဲ့ကြောင်း၊ မြို့ဦးရပ်ကွက်၌လည်း နေအိမ် (၂)လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဆက်လက်၍ မောင်တော-အလယ်သံကျော် ကားလမ်းပေါ်ရှိ ဒူးချီးယားတန်း ကျေးရွာအုပ်စု ခရေမြိုင်ကျေးရွာအား မီးရှို့ခဲ့ကြကြောင်း။

ညနေပိုင်းတွင် ဆူပူသူ(၂၀)ဦးခန့်သည် မောင်တောမြို့ ပြည်သူ့ဆေးရုံအတွင်းသို့ ဝင်ရောက်နှောင့်ယှက်ခဲ့သည့်အတွက် ကျန်းမာရေးဝန်ထမ်းများ ပုန်းရှောင်နေခဲ့ရကြောင်း၊ ဆေးရုံအရှေ့ရှိ မြို့မအရှေ့ရပ်ကွက်မှ နေအိမ်နှစ်လုံးအား ထပ်မံ မီးရှို့ခဲ့သည့်အတွက် ရပ်ကွက်အတွင်းရှိ ပြည်သူများ ပြောင်းရွှေ့ရှောင်တိမ်းခဲ့ရကြောင်း။

ထို့ပြင် ဆူပူသူများ၏ ရန်ပြုမှုများကြောင့် ဒေါက်တာခင်မောင်လတ် အသက် (၆၃)နှစ်၌ ဝမ်းဗိုက်ဓားထိုးခံရဒဏ်ရာ၊ ဒေါ်သန်းရီ အသက် (၅၇)နှစ်၌ ဦးခေါင်းတွင် ဓားခုတ်ခံရဒဏ်ရာ၊ ဦးကျော်လှ အသက် (၇၈)နှစ်၌ ဦးခေါင်းတွင် ဓားခုတ်ခံရဒဏ်ရာ၊ ဦးသိန်းဇော် အသက်(၃၆)နှစ်၌ ခြေ၊ လက်တို့တွင် ဓားခုတ်ခံရဒဏ်ရာများ အသီးသီး ရရှိခဲ့ပြီး ဦးလှမောင် အသက်(၆၅) နှစ်မှာ ဦးခေါင်းဓားခုတ်ခံရဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

မောင်တောမြို့ ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များ၌ နယ်မြေခံ ရဲတပ်ရင်း၊ ရဲတပ်ဖွဲ့တို့မှ ဆူပူမှုများအား သေနတ်ပစ်ဖောက် ခြောက်လှန့်ဖြိုခွဲ၍ အခြေအနေကို ထိန်းသိမ်းခြင်း၊ မီးငြိမ်းသတ်ခြင်း၊ ဒေသခံပြည်သူတို့၏ အသက်အန္တရာယ် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး

စာမျက်နှာ ၉ ကော်လံ ၁ ◆

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့၌ ပုဒ်မ-၁၄၄ ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၈

ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများသည် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ပျက်ပြားစေသည့်အတွက် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ညမထွက်ရအမိန့် အမှတ်(၁/၂၀၁၂)ကို ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မောင်တောမြို့နယ်
ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၁၄၄
ညမထွက်ရ အမိန့်အမှတ် ၁/၂၀၁၂
၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်
(၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်)
ပြစ်မှုဆိုင်ရာအထွေထွေအမှုအမှတ် ၁/၂၀၁၂

၁။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ အများပြည်သူတို့သိစေရန် ထုတ်ပြန်လိုက်သည်။ မောင်တောမြို့ ရပ်ကွက်များအတွင်း ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော နေအိမ်များ မီးရှို့ဖျက်ဆီးခံရခြင်း၊ လူစုလူဝေးဖြင့် ဝင်ရောက်ရိုက်နှက်ခြင်း၊ လုယက်ခြင်းများ ဖြစ်ပွားခဲ့ပါသည်။ မောင်တောမြို့နယ်နေ ပြည်သူလူထုများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် မောင်တောမြို့တွင် တည်ရှိသော လမ်းများ၊ အများပြည်သူတို့သွားရာလမ်း၊ လမ်းမကြီး၊ လမ်းကြား၊ ပန်းဥယျာဉ် (သို့မဟုတ်) အများပြည်သူဆိုင်ရာ နေရာများတွင် ၅ ဦး (သို့မဟုတ်) ၅ ဦးထက်ပိုသော လူများစုရုံးခြင်းကြောင့် မီးရှို့မှုများ၊ ရုန်းရင်းဆန်ခတ်မှုများနှင့် ပစ္စည်းလုမှုများ ထပ်မံဖြစ်ပွားရန် အကြောင်းရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။

၂။ သို့ဖြစ်၍ မောင်တောမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းမကြီးများ၊ အများပြည်သူတို့ သွားရာလမ်း၊ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ် (သို့မဟုတ်) အများပြည်သူနှင့်ဆိုင်သော ဗလီ၊ ကျောင်းနေရာများတွင် ၅ ဦး (သို့မဟုတ်) ၅ ဦးထက်ပိုသောသူများ စုဝေးခြင်းမပြုရန်နှင့် ညနေ (၁၈း၀၀) နာရီမှ နံနက် (၀၆း၀၀)နာရီအထိ ကာလအတွင်း ညမထွက်ရအမိန့်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၁၄၄ အရ ထုတ်ဆင့်လိုက်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ နောက်အမိန့်တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိမချင်း အတည်ဖြစ်သည်။

၄။ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ဆင့်လိုက်သည်။

ရုံးတံဆိပ် **မြို့နယ်အုပ်ချုပ်ရေးမှူး**

အလားတူ ဘူးသီးတောင်မြို့နယ်၌လည်း ပုဒ်မ-၁၄၄ ညမထွက်ရအမိန့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘောထားထုတ်ပြန်ကြေညာချက်

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ယနေ့ရက်စွဲဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသောအခြေအနေများနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
အမှတ်၂၁၄၊ (အစိုးရသာသနာ့ထောက်ပံ့ကြေးလက်ခံသုံးစွဲရေးကော်မတီရုံး)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၈၁၄၆၊ ၂၅၃၆၈၃၊ ၂၅၂၆၀၈၊ ၂၄၁၇၁၇၊ ၂၄၁၂၁၂၊ ၂၉၆၁၃၄။

သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၂ ခုနှစ်၊ ဇွန်လ ၈ ရက်

ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အောက်ပါအတိုင်း သဘောထားထုတ်ပြန် ကြေညာလိုက်ပါသည်။

(က) အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို အကြမ်းဖက်ထိပါးဖျက်ဆီးခြင်းများကို ရှုတ်ချပါကြောင်း။

(ခ) အကြမ်းဖက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ အိုးအိမ်စည်းစိမ်များ ပျက်ပြားခြင်းနှင့် စိတ်သောကရောက်နေကြရသူများအပေါ် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ခံစားရပါကြောင်း။

(ဂ) အများပြည်သူတို့သည် အေးချမ်းစွာဖြင့် ဥပဒေဘောင်အတွင်းနေထိုင်ရေးကို အထူးလိုလားပါကြောင်း။

(ဃ) နိုင်ငံတစ်ဝန်းနေထိုင်ကြသော အစ္စလာမ်သာသနာဝင်များသည်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသော အထူးမေတ္တာရပ်ခံချက်နှင့်အညီ နေထိုင်ကြရန် လိုအပ်ပါကြောင်း။

(င) နိုင်ငံတော်တည်ငြိမ်ရေးနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်စေရေးအတွက် နှောင့်ယှက်မှုမှန်သမျှကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ ဥပဒေနှင့်အညီ ထိရောက်စွာ အလျင်အမြန်အရေးယူဆောင်ရွက်ပေးပါရန် သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

(အလ်ဟာဂျ်မော်လာနာယူစွဖ်)	(အလ်ဟာဂျ်ညွန့်မောင်သျှိန်)	(အလ်ဟာဂျ်ကျော်စိုး)	(အလ်ဟာဂျ်မြင့်ထွန်း)	(ကျော်ခင်)
ဒု-ဥက္ကဋ္ဌ	ဥက္ကဋ္ဌ	အထွေထွေအတွင်းရေးမှူးချုပ်	ဥက္ကဋ္ဌ	အထွေထွေအတွင်းရေးမှူး
အိုလမာ-အစ္စလာမ်သာသနာ့ ပညာရှင်များအဖွဲ့ချုပ်	အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်	မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ ဌာနချုပ်	မြန်မာမွတ်စ်လင်မ်လူငယ်များ (ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ်	မြန်မာမွတ်စ်လင်မ်အမျိုးသားရေးရာ အဖွဲ့ချုပ်(မ-အ-ဖ) ဌာနချုပ်

အစ္စလာမ်ဘာသာဝင်များသို့ မေတ္တာရပ်ခံပန်ကြားလွှာ

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အစ္စလာမ်ဘာသာဝင်များအား အစ္စလာမ့်တရားတော်နှင့်အညီ တည်ငြိမ်အေးချမ်းစွာ နေထိုင်ကြပါရန် မေတ္တာရပ်ခံပန်ကြားလွှာတစ်စောင်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

အဆိုပါ အစ္စလာမ်ဘာသာဝင်များသို့ မေတ္တာရပ်ခံပန်ကြားလွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
အမှတ်၂၁၄၊ (အစိုးရသာသနာ့ထောက်ပံ့ကြေးလက်ခံသုံးစွဲရေးကော်မတီရုံး)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၈၁၄၆၊ ၂၅၃၆၈၃၊ ၂၅၂၆၀၈၊ ၂၄၁၇၁၇၊ ၂၄၁၂၁၂၊ ၂၉၆၁၃၄။

အစ္စလာမ်ဘာသာဝင်များသို့ မေတ္တာရပ်ခံပန်ကြားလွှာ

(၅-၆-၂၀၁၂)ရက်နေ့ထုတ်ဝေသည့် သတင်းစာတွင် ဖော်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံသားပြည်သူများအကြားတွင် သဘောထားကွဲလွဲလျက်ရှိပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ထုတ်ပြန်ချက်အပေါ် နိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ အစည်းကြီးအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများထံသို့တင်ပြပြီး တရားဥပဒေဘောင် အတွင်းမှ အေးချမ်းစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အစ္စလာမ်ဘာသာဝင်များအနေဖြင့် အစ္စလာမ့်တရားတော်နှင့်အညီ တည်ငြိမ် အေးချမ်းစွာနေထိုင်ကြပါရန်၊ လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်ခြင်းများ ရှောင်ကြဉ်ကြပါရန် အထူးမေတ္တာ ရပ်ခံအပ်ပါသည်။

(အလ်ဟာဂျ်မော်လာနာယူစွဖ်)	(အလ်ဟာဂျ်ညွန့်မောင်သျှိန်)	(အလ်ဟာဂျ်ကျော်စိုး)	(အလ်ဟာဂျ်မြင့်ထွန်း)	(ကျော်ခင်)
ဒု-ဥက္ကဋ္ဌ	ဥက္ကဋ္ဌ	အထွေထွေအတွင်းရေးမှူးချုပ်	ဥက္ကဋ္ဌ	အထွေထွေအတွင်းရေးမှူး
အိုလမာ-အစ္စလာမ်သာသနာ့ ပညာရှင်များအဖွဲ့ချုပ်	အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်	မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ ဌာနချုပ်	မြန်မာမွတ်စ်လင်မ်လူငယ်များ (ဘာသာရေး)အဖွဲ့ မ-မ-လ ဌာနချုပ်	မြန်မာမွတ်စ်လင်မ်အမျိုးသားရေးရာ အဖွဲ့ချုပ်(မ-အ-ဖ) ဌာနချုပ်

မိုးရွာသွန်းမှုများ

၈-၆-၂၀၁၂

ဖျာပုံမြို့	၉ ဒသမ ၁၇	လက်မ
ထားဝယ်မြို့	၈ ဒသမ ၇၈	လက်မ
မြဝတီမြို့	၄ ဒသမ ၄၉	လက်မ
ကွမ်းခြံကုန်းမြို့	၃ ဒသမ ၉၄	လက်မ
သထုံမြို့	၃ ဒသမ ၆၃	လက်မ